


# ဆေးခွက်ကိုင်ရင် မပြေးကြပါနဲ့

## ကိလေသာ လောက်ကိုက်

၁၂၄

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၂) မှထုတ်နှုတ်ပုံနှိပ်ပါသည်။

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ်ဆရာတော်ဘုရားကြီး
# အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဆေးခွက်ကိုင်ရင်၊ မပြေးကြပါနဲ့

(၂၅- ၁၁- ၆၀)

ဒကာဒကာမတို့ ဒီတရားပွဲကြီး နားထောင်ကြ၊ ကျင့်ကြံကြ အားထုတ်ကြမလို့ ရည်ရွယ်ချက်ဘဲ အပင်ပန်းခံပြီးသကာလ လာကြတယ်၊ ဒီပင်ပန်းမှုကလေးဟာ အပါယ်ငရဲမှာ တစ်စက္ကန့် ပင်ပန်းသလောက် မခံရပါဘူး၊ အပါယ်ငရဲမှာ တစ်စက္ကန့်ဆိုတာ က တစ်ကိုယ်လုံးမှာ အပ်သွားချစရာ မရှိလောက်အောင် ပူမှုလောင်မှုတွေ ခံစားရပါတယ်။

## ငရဲဒုက္ခနဲ့ နှိုင်းစာရင်

အဲဒီတော့ ဒကာကြွယ်၊ ဦးလှဘူးတို့က စဉ်းစားရမယ် ဩော်. . . . ဒီဒုက္ခဟာ ဆရာသမားဆီလာပြီး တရားနာရတာ အင်မတန် ကျဉ်းကြပ်တာပဲ၊ လူတွေကလဲ များဘိသနဲ့၊ ချွေးတွေကလဲ ကျပါဘိသနဲ့၊ ဒီလိုစိတ်မှာမထားကြပါနဲ့၊ အပါယ်ငရဲနဲ့ နှိုင်းစာပြီး ဒီဒုက္ခကြီးလွတ်ချင်လို့ ဒုက္ခကလေးနဲ့ရင်းနှီးပြီး ဒုက္ခကြီး ကျွတ်ချင်လို့ဆိုပြီးသကာလ ဒီဒုက္ခကို ဒုက္ခထဲမသွင်းဘဲနဲ့ တရားနာကြပါဆိုတာ သတိပေးလိုက်တယ်နော်. . . (မှန်ပါ့)။

အပါယ်ငရဲကျမည့် ဒုက္ခ ပြိတ္တာကြီး ဖြစ်ကတည်းက ဘယ်သောအခါမှ ရေမသောက်ရဒုက္ခ၊ ဘယ်သောခါမှ အစာမမြင်ရတဲ့ဒုက္ခ အဲဒီဒုက္ခတွေနဲ့ စာလို့ရှိရင် ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ဒီဒုက္ခဖြစ်လောက်ရဲ့လား . . . . (မဖြစ်လောက်ပါဘုရား)။

အဲဒီဒုက္ခမဖြစ်လောက်တာ ဧကန်သိ တကယ်သိဖြစ်ပြီး သကာလနေတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဩော် . . . ဒီဒုက္ခကလေးကို ဒို့သည်းခံပြီးမှတ်လိုက် ယူလိုက် သင်လိုက် ကြားလိုက် အားထုတ်လိုက်လို့ရှိရင်ဖြင့် ဒုက္ခပေါင်း အနန္တ လွတ်ရာတော့မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါဘုရား)။

## ရေကန်နဲ့ရေမှုန်ဥပမာ

လောကီဥပမာကို ဘုရားကဟောတော်မူတယ်၊ သစ္စသံယုတ်မှာ ယူဇနာပတ်လည် ငါးဆယ်ရှိတဲ့ရေကန်ကြီး၊ အနက်ကလဲ ယူဇနာငါးဆယ်၊ ရေတွေကလဲ နှုတ်ခမ်းနဲ့ ညီအောင်ရှိတယ်လို့ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ မှတ်ထားလိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။

အဲဒီရေကို သမန်းမြက်ကလေးတို့တို့ပြီး ဟိုဘက်ခုနှစ်ခါ ပစ်လိုက်ပါတဲ့၊ ယူဇနာပတ်လည် ငါးဆယ်၊ အနက်လဲ ငါးဆယ်ရှိတဲ့ရေတွေ အပြင်ဘက်မှာ ကျသွားတဲ့ရေတွေနဲ့ စာလိုက်လို့ရှိရင် အပြင်ဘက်မှာကျသွားတဲ့ သမန်းမြက်ဖျားနဲ့ ခုနှစ်ခါတို့ပြီး ခါရတဲ့ ရေပေါက်နဲ့ဆိုရင်ဖြင့် နှိုင်းချိန်လောက်ပါရဲ့လား . . . (မနှိုင်းချိန်လောက်ပါဘုရား)။

## ဒုက္ခချုပ်အောင်ကြိုးစားမယ်

အဲဒီတရားကို နာရတယ်၊ ဒီတရားကိုကြိုးစားရတယ်၊ ဒုက္ခချုပ်တာ မြင်ရပြီဆိုမှဖြင့် အပြင်ဘက် သမန်းမြက်ဖြင့် ခုနှစ်ခါ တို့လောက်ဖြစ်တဲ့ ဒုက္ခလောက်သာကျန်တော့တယ်။ (မှန်ပါ့) ရေ ကန်အထဲမှာ အပြည့်အနှက်နှုတ်ခမ်းနဲ့အညီရှိတဲ့ ရေလောက်ဒုက္ခ တွေကုန်သွားပြီ . . . (မှန်ပါ့)။

အဲဒါတွေထောက်ပြီးကြည့်လိုက်တော့မှ သြော် . . ကြိုးစားလိုက်မဟ၊ မရရအောင် နည်းယူပြီး သကာလ ခန္ဓာဉာဏ် လှည့်မဟာဆိုတာကိုဖြင့် ပြင်းပြင်းထန်ထန် စိတ်ထားနဲ့ ကြိုးစားကြပါ (မှန်ပါ့ဘုရား)။

## အသိဉာဏ်ရှိသူက ကယ်တင်နေတာ

အဲဒါတွေကို ဘုန်းကြီးတို့အရင်းကျတဲ့ ဒကာဒကာမ တွေ ဖြစ်နေတော့၊ ဒကာကြွယ် အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကမှ ကယ်ယူဆောင်ကြဉ်းအလုပ်ကို မလုပ်တော့ပါဘူး ဆိုလို့ ရှိရင်ဖြင့်၊ ခင်ဗျားတို့ သဘောနဲ့တဏှာရေထဲမှာ မျောနေတဲ့ မြုပ်မျောနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ၊ ဒီလိုပဲလျစ်လျူရှုထားမယ် ဆိုရင်ဖြင့်၊ ဒီတစ်ခါသည် လသာတဲ့အခါကလေးမှ ဗိုင်းငင်တဲ့ အလုပ်ကို ဒကာဒကာမ တွေမလုပ်၊ ကယ်ယူတဲ့ပုဂ္ဂိုလ်ကလဲ မကယ်ယူတော့ဘူး ဆိုလို့ရှိရင်ဖြင့်၊ ယူဇနာငါးဆယ်ပတ် လည်ရှိတဲ့ ရေနဲ့အမျှ ဒုက္ခတွေထဲမှာ မြုပ်လိုက်၊ မျောလိုက်၊ အသေကောင်ဖြစ်လိုက်၊ သူများနှိပ်စက်လို့ သူများပါးစပ်ထဲ သေလိုက်၊ သူများလှံချက် မိပြီးသေလိုက်၊ ဒကာကြွယ်တို့ ဦးလှဘူးတို့ ဒီအတိုင်းချည့် ဒုက္ခတွေ တွေ့ရတော့မယ် . . . (မှန်ပါ့)။

အဲဒါတွေ ထောက်ပြီးသကာလ ဪ . . . ဒီဒုက္ခဟာ ဘာမှမဖြစ်လောက်ပါလား (မှန်ပါ့) ဒီဒုက္ခကလေးဟာ ဘာမှ မဖြစ်လောက်ဘူး၊ အခု တရားနာတဲ့ဒုက္ခဟာ ဘာမှမဖြစ်လောက်ဘူး . . . (မဖြစ်လောက်ပါဘုရား) မဖြစ်လောက်ပါဘူး ဆိုပြီး သကာလ ဘုန်းကြီးတို့ ဒကာဒကာမတွေက တွေးလိုက်. . . (မှန်ပါ့ဘုရား)။

ယူဇနာငါးဆယ်ရှိတဲ့ ရေနဲ့အမျှ ဒုက္ခတွေ အကုန် ဆုတ်လျော့သွားတယ်ဆိုလို့ရှိရင်ဖြင့် ကျုပ်တို့ဒီဒုက္ခကို ဦးလှဘူး ဒုက္ခထဲတောင်သွားဖို့မလိုပါဘူး . . . . (မှန်ပါ့ဘုရား)။

## ကိုယ့်အရေးကိုယ်မသိကြလို့ဘုရားကဟောရတာ

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ၌ ကိုယ့်အရေးကိုယ် မသိလို့ဘုရားက ရေကန်ဥပမာ၊ ရေမှုန် ဥပမာတွေနဲ့ပြ လိုက်ခြင်းကို သေသေချာချာ စဉ်းစားတော့ ခင်ဗျားတို့က ငါးပါးအာရုံ ကာမဂုဏ်ထဲမှာ မြုပ်မှု မျောမှု အလုပ်တွေကို လုပ်နေတဲ့ဥစ္စာ ဒီဒုက္ခတွေကြိုက်လို့ လုပ်နေတာနဲ့ တူတယ် . . . . (မှန်ပါ့ဘုရား)။

မြုပ်မှုမျောမှုအလုပ်ဆိုတာမျောနေလဲ မသက်သာဘူး၊ မြုပ်သွားတော့ (မသက်သာပါဘုရား) အဲဒီတော့

မျောမြုပ်ထဲမှာ နေကြရမည့်ပုဂ္ဂိုလ်တွေ ကိုယ့်ကိုယ်တိုင် မသိလို့ ရှောင်ဖယ်ရှောင်ဖယ်နဲ့ ညောင်းသလေး ညာသလေး ကိုက်သလေးခဲသလေး လူတွေကြပ်ဘိနဲ့၊ ချွေးတွေကထွက်ပါဘိသနဲ့၊ ခရီးဝေးပါဘိသနဲ့ ဆိုပြီး ဆင်ခြေလဲပြီးသကာလ နေလိုက်ရင်ဖြင့် ကယ်မည့်သူလာ တိုင်းပြေးတာနဲ့အတူတူပဲ . . . . (တူပါ့ဘုရား)။

ဒကာကြွယ် ဘာနဲ့တူပါလိမ့် . . . . (ကယ်မည့်သူလာတိုင်းပြေးတာနဲ့တူပါတယ်ဘုရား) ကယ်မည့်သူလာတိုင်း ပြေးတာနဲ့ တူတယ်ဆိုတာတော့ ဩော် . . . . ဘုန်းကြီးတစ်နေ့က ပြောသလိုလည်ပင်းဂုတ်မှာအနီကြီးနဲ့ ချွေးသည် ဆေးပေးမည့် သူလာလေ ပြေးလေ ဖြစ်နေလို့ ရှိရင်ဖြင့် ဘေးက ပညာရှိတစ်ယောက်ကကြည့်မယ် ဆိုလို့ ရှိရင်ဖြင့် ဆေးခွက်ကိုင်တဲ့ ပုဂ္ဂိုလ်ဟာဖြင့် ပျောက်ခြင်းကို အလိုရှိတဲ့ ပုဂ္ဂိုလ်ပဲ၊ ပြေးတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ပျောက်ခြင်းကို မနှစ်သက်တဲ့ ပုဂ္ဂိုလ်ပဲ . . . . (မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား . . . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီပွဲမှာသည်းညည်းခံပြီး သကာလ တရားနာကြလို့ရှိရင် ဆေးခွက်နဲ့လိုက်တဲ့ပုဂ္ဂိုလ်ဟာ အနာပျောက်အောင်ကုတော့မလို့ ဖြစ်သောကြောင့် အနာကုနေတဲ့ ဆေးဒဏ်ကြောင့် စပ်သလား၊ ခါးသလားဆိုတာ

ခဏလေးတော့ တွေ့မှာပဲ . . . . (မှန်ပါ့) သို့ရာတွင် တစ်သံသရာလုံးပျောက်မည့် ကမ္ဘာ့အနာ ခန္ဓာကြီးသည် ကားလို့ဆိုရင် ရောဂတောလို့ ဘုရားကဟောထားတယ် . . . (မှန်ပါ့ဘုရား)။

## ဆေးခွက်ကိုင်ရင်မပြေးကြပါနဲ့

ရောဂါအပြည့်ရှိနေတဲ့ ခန္ဓာကြီးကို ဝိပဿနာဆေး၊ မဂ်ဆေးနဲ့ ကုလိုက်ရလို့ ရှိရင်ဖြင့် ရောဂါခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို သေသေချာချာရောက်ရမှာ ဖြစ်သောကြောင့် ဆေးခွက်ကိုင်ပြီး တရားဟောတဲ့ဆရာတော်ဟာ၊ ဒကာ ဒကာမတွေဝေဒနာသည်တွေကို ကုနေတဲ့ပုဂ္ဂိုလ်ကို၊ ခင်ဗျား တို့က အကုမခံတဲ့သဘောနဲ့ ပြေးခဲ့သည်ရှိသော်၊ ခုနင်က ခွေးကတော့ တိရစ္ဆာန်မို့ ပြေးတယ်လို့ ဆိုစရာရှိတယ်နော် . . . (မှန်ပါ့) လူတွေက မနေဘူး၊ မကြိုး စားတော့ဘူး ဆိုရင် လူတိရစ္ဆာန်မို့ ပြေးတယ်ဆိုတဲ့ အဓိပ္ပာယ် ရောက်တယ် (ရောက်ပါတယ်ဘုရား)။

ဒါတွေ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်စဉ်းစားပြီး သကာလ၊ ဒကာဒကာမတွေစဉ်းစားတော့မှ ဪ. . . ဒို့သည်ကားလို့ဆို လို့ရှိရင်ဖြင့်၊ အလိုရှိတဲ့ပုဂ္ဂိုလ်က ကုသမ လို့ဟာ၊ အလိုရှိသလို ဝေဒနာပျောက်ဖို့ ဆေးရှိတဲ့ပုဂ္ဂိုလ်၊ ဆေးသိတဲ့ပုဂ္ဂိုလ်က ကုသခဲ့သည် ရှိသော်၊ အဆင်သင့်

ခံယူဖို့ပဲ၊ ဒို့အရေး ဒို့အရေး ဆိုတာဒါပဲလို့ မှတ်ကြပါ . . . . (မှန်ပါ့) ဆေးကုသတဲ့အရေးဟာ ကိုယ့်အရေးလို့ ဆုံးဖြတ်ချက်ချပါ . . . . (မှန်ပါ့ဘုရား)။

ကိုယ်ကိုယ်တိုင်ကတော့ ဆေးလဲမသိဘူး၊ ကုရမှန်းလဲ မသိဘူး လည်ပင်းတရမ်းရမ်းနဲ့ သာလျှင် နက်ဖြန် ဘာဖြစ်နိုင် သန်ဘက် ဘာဖြစ်နိုးနိုးဆိုပြီး တောင်ကမြောက်ပြေး၊ မြောက်ကတောင်ပြေးနဲ့ လည်ပင်းတရမ်းရမ်းနဲ့ ပြေးနေ တာပဲ. . . (မှန်ပါ့ဘုရား)။

မြောက်ကတောင်ပြေးတယ်၊ မန္တလေးပြေးလိုက်၊ တောင်မြို့ပြန်လာလိုက်၊ ဒီနေ့နေရာမကျခဲ့၊ နက်ဖြန် နေရာမကျခဲ့၊ လည်ပင်းတရမ်းရမ်းနဲ့ တလှုပ်လှုပ်နဲ့ အနာတွေ ပေါက်လို့ပြေးနေတာ (မှန်ပါ့) ဘာနာတုံးလို့မေးတော့ ကိလေသာ ပူပန်တဲ့အနာ (မှန်ပါ့) ဒီအနာမပျောက်သရွေ့ ပုဂ္ဂိုလ်တွေ အပြေးရပ်ပါ့မလား (မရပ်ပါဘုရား) အပြေး မရပ်သရွေ့ ကာလပတ်လုံးလဲ ရောဂါမသက်သာလို့ ပြေးနေ ရတာပဲဆိုတာ သဘောပေါက်ကြပလား (ပေါက်ပါပြီဘုရား)။

## ကိလေသာလောက်ကိုက်လို့

အဲဒါတွေကြည့်တော့မှ ငါတို့ရောဂါသည်ကားလို့ ဆိုရင်၊ တပြေးပြေး တလွှားလွှားနေတာ အိုခြင်းဆိုး၊ သေခြင်း ဆိုး ခေါင်းထဲသာလိုက်တယ်၊ ရောဂါ ကမပျောက်ဘူး. . .

(မပျောက်ပါဘုရား) ဝိပဿနာမဂ်ဉာဏ်ဆေးမို့ ငါတို့သည် အေးအေးကလေး ကုတဲ့ပုဂ္ဂိုလ်ထံ အကုအသမခံခဲ့သည် ရှိသော်၊ ငါတို့ဟိုပြေးဒီပြေး ဟာ ကိလေသာလောက်ကိုက်လို့ ပြေးတာလို့မှတ်လိုက်ပါ. . . (မှန်ပါဘုရား)။

ကိလေသာလောက်ကိုက်လို့ဆိုတာ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာလောဘက လိုချင်တယ်၊ နက်ဖြန်လဲ သွားဦးမယ်၊ သန်ဘက်လဲလာဦးမယ်ဆိုတာ လောဘလိုချင်မှု၊ ဒေါသမကျေနပ်မှု၊ မောဟကဘယ်လို ဘေးအန္တရာယ်တွေ တွေ့ပေမယ်လို့ ရှေ့နေပူ လေပူတွေနဲ့ တွေ့ကြုံငြားသော်လဲ မသိအောင်ဖုံးထားတယ်. . . (မှန်ပါ့ဘုရား)။

## ရန်သူသုံးယောက်နှိပ်စက်နေတာ

ဒါဖြင့်ခင်ဗျားတို့ အဖြစ်တွေသည် ကိလေသာ လောက်လဲကိုက်ပြန်၊ ဒေါသလဲမကျေနပ်လို့ အပြေးခိုင်းပြန်၊ မောဟကလဲ ရှေ့အန္တရာယ်တွေကိုမသိအောင် ဖုံးဖိထားပြန် ဆိုတော့၊ ခင်ဗျားတို့ ရန်သူသုံးယောက်နှိပ်စက်နေတာကို၊ အပြေးအလွှားခံနေရတယ်ဆိုလို့ရှိရင် ငြင်းစရာလိုသေးလား (မလိုပါဘုရား)။

ဒါကြပ်ကြပ်စဉ်းစားနားထောင်ပါ ဒကာ ဒကာမတို့ . . . ဒကာကြွယ်ကြီးဖြစ်စေ၊ ဦးလှဘူးကြီးဖြစ်စေ၊ ဘုန်းကြီးတို့

ဒကာဒကာမတွေဖြစ်စေ၊ ဒီကနေမန္တလေးပြေးတာဟာ အကြောင်းရှိလို့ ပြေးတာပေါ့ဘုရား၊ ဒါပဲဖြေမယ်. . . (မှန်ပါ့)။ ဘာအကြောင်း တုံးမေးလို့ရှိရင် ကိလေသာ လောက်ကိုက်လို့ဘုရား (မှန်ပါ့) ဘာအကြောင်းတုံး မေးလို့ ရှိရင် လိုချင်မှုကိလေသာလောက် ကိုက်လို့ဘုရား . . . (မှန်ပါ့) တစ်နည်းအားဖြင့် ကိုယ်ရမှာကလေး မမီလိုက်မှာ စိုးရိမ်လောက်ကိုက်လို့ဘုရား (မှန်လှပါဘုရား) တစ်နည်း အားဖြင့် ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒကာကြွယ် အလကားပြေးတာလား ကိလေသာ လောက်ကိုက်လို့ပြေးတာလား. . . (ကိလေသာလောက် ကိုက်လို့ပါဘုရား)။

ကိလေသာလောက်ကိုက်လို့ ပြေးတာ မထင်ရှား ကြဘူးလား. . . (ထင်ရှားပါတယ်) အဲဒီတော့ ဘေးကနေပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ တကွ သူတော်ကောင်းတွေ ကြည့်တော့၊ သြော်. . . ပြေး မည့်ခရီးကလဲ လေပူနေပူတွေနဲ့ သူခိုး၊ ဓါးပြကြားတွေပဲ ခလုပ်ကန်သင်းတွေ ကြားတွေထဲ. . . (မှန်ပါ့) မော်တော် ကားများတိုက်လို့၊ မော်တော်ကားကပဲ လမ်းမှာချို့ယွင်းပြီး ချောက်ထဲ တွန်းချမလား. . . မပြောနိုင်ဘူး . . . (မှန်ပါ့ မပြောနိုင်ပါဘုရား)။

ကိလေသာလောက်ကလဲ အတင်းကိုက်နေတော့ မပြေးပဲ မနေနိုင်၊ အဝိဇ္ဇာကလဲ ဘေးအန္တရာယ်တွေ မသိအောင် ဖုံးထားတယ်. . . (မှန်ပါ့)။

ဒီလိုနဲ့များ ဒကာ ဒကာမတွေ အဝိဇ္ဇာက အန္တရာယ် မသိအောင်ဖုံး၊ လောဘလောက်ကကိုက်၊ ဒေါသလောက်က မကျေနပ်လို့ ခဏခဏတွန်း၊ ဒီလိုနဲ့သွားရင်း မတ္တာနဲ့ သက်ဆိုးရှည်ပြီးသကာလ နေတယ်၊ နောက်ဆုံးပိတ်ကြတော့ သေပွဲဝင်ရမဲ့ အလုပ်ကော မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

## ဒီဆရာဘုန်းကြီးကုမပေးရင်

ဪ. . . ဒါဖြင့် ဒကာဒကာမတို့ ဝိပဿနာမဂ်တည်းဟူသော လောကုတ္တရာမဂ်တည်းဟူသော ဆေးနဲ့မှ ဒီဒကာ ဒကာမတွေ ကိလေသာလောက်ကိုက်နေတဲ့ ရောဂါကို၊ ဒီဆရာဘုန်းကြီး ကုသမပေးတော့ပါဘူးဆိုလို့ရှိရင် အဝိဇ္ဇာ မှောင်ကြီးက ရန်သူတွေကို တွယ်ပြီးသကာလ၊ အတိုးခိုင်းတာပဲ ခင်ဗျားတို့သေပွဲ ဝင်ရတော့မယ်. . . (မှန်ပါ့) လောက်ကိုက်လို့လဲ ငြိမ်းငြိမ်းမနေ နိုင်ဘူးဆိုတဲ့၊ ထပ်ပြန် တလဲလဲနဲ့ ဒကာကြွယ်တွန်းလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

အဲဒီတော့လမ်းမှာ ဟပ်ထိုးလဲပြီး သေပွဲဝင်သွားမယ် ဆိုတော့၊ ဟဒီခွေးနာ ဘာဖြစ်တာတုံးဆိုတော့ အို- ခွေးနာသည်ကားလို့ဆိုရင် ချောက်ကျသေတယ် . . . (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ- (ခွေးနာ ချောက်ကျ သေပါတယ်ဘုရား) ခွေးနာလောက်ကိုက်တာနဲ့ ချောက်ကျ သေရှာပါတယ်ဘုရာ့. . . (မှန်ပါ့ဘုရား)

ဒကာကြွယ် နာစရာမရှိပါဘူး. . . (မရှိပါဘူးဘုရား) ဖြစ်စဉ်ကော ကိုက်ပါရဲ့လား. . . (ကိုက်ပါတယ်ဘုရား)

အဲဒါ စိုးရိမ်တော့ ဒကာဒကာမတို့ ခင်ဗျားတို့ သွားလာနေကြတာဟာ ကိုယ်သွားလာနေတဲ့ လမ်းခရီးကို ကြည့်ပါဦး အန္တရာယ်ကင်းလို့ ဘေးရှင်းတဲ့လမ်းလား (မဟုတ်ပါဘုရား)။

ဒီလမ်းကြီးချည့် ဘယ့်နှယ်ကြောင့် တစ်ပြေးတည်း ပြေး၊ တစ်လွှားတည်းလွှားပြီးသကာလ နေပါလိမ့်မတုံး မေးပြန်တော့ ဘာလောက်ကိုက်လို့လဲ. . . (ကိလေသာ လောက်ကိုက်လို့ပါဘုရား)။

ဩော် . . . လမ်းကြမ်းတဲ့ ကိလေသာလောက် ကိုက်လို့ ပြေးတော့ အဝိဇ္ဇာမှောင်ကြီးကလဲ ပိတ်ဆီးထား ပြန်တော့ အန္တရာယ်တွေမမြင်၊ ဘေးရန်တွေမမြင်၊

မာန်တွေမမြင်ဆိုတော့ အန္တရာယ်တွေ၊ မာန်တွေ-ဒကာကြွယ် နေရာတိုင်းရှိတယ်. . . (ရှိပါတယ်ဘုရား)။

ဒီအထဲ အတင်းတိုးပြီးသကာလ ကိလေသာလောက် ကိုက်တယ်၊ လောဘက မြန်မြန်သွားဟဲ့၊ ဒီရန်ထဲမှာပဲ နင်တိုးဟဲ့ နင့်သက်တမ်း နင်အလကားဖြုန်းဟဲ့ဆိုပြီး သကာလ၊ တွန်းထိုးပြုပြီး ဒီသုံးယောက် စိုင်းပြီးနှိပ်စက် လိုက်တာ ဒကာဒကာမတွေ အနေဆင်းရဲပြီး သကာလ အသေငရဲပွဲရောက်ရတော့မယ်. . . (မှန်လှပါဘုရား) မရောက်ရပေဘူးလား (ရောက်ရပါတယ်ဘုရား)။

## နိဗ္ဗာန်ပို့မလို့ဟောနေတာ

အဲဒါတွေကို စိုးရိမ်လို့ ဆရာဘုန်းကြီးသည် ဒီဒကာ ဒကာမတွေအား ကိလေသာလောက်တွေကိုလဲဝိပဿနာမဂ် လောကုတ္တရာမဂ်တည်းဟူသော ဆေးတွေနဲ့ "သေအောင် ကျေအောင် လုပ်ပေးမယ်" ရှေ့အန္တရာယ်တွေရှိတာကိုလဲ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်လို့ရှိရင်ဖြင့် အန္တရာယ်တွေ၊ မာန်တွေ၊ ရန်တွေမြင်ပြီး သကာလ သူတို့သည် အဝိဇ္ဇာချုပ်လို့ တဏှာသေခဲ့သည်ရှိသော်၊ လောက်ကိုက်လဲသက်သာ ချောက်ကျလဲလမ်းဆုံးပြီးသကာလ နေစရာလဲကောင်း၊ သေစရာမရှိတဲ့ နိဗ္ဗာန်ပို့မလို့ဟောနေတဲ့ တရားပဲလို့ ဆုံးဖြတ်ချက်ချပါ (မှန်လှပါဘုရား)။

ဒါဟာ စကားပြောကောင်းလို့ အသွယ်အဝိုက် ကောင်းလို့ မထင်နဲ့၊ ကိုယ့်ဖြစ်စဉ်ကိုက် ပြောတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒကာဒကာမတွေ တောင်ကမြောက်သွား၊ မြောက်ကတောင်သွားတာ ဒကာကြွယ် ရိပ်မိပလား. . . (ရိပ်မိပါပြီ) ဘာဖြစ်လို့ပါလိမ့်. . . (ကိလေသာလောက် ကိုက်လို့ပါဘုရား) ကြောက်စရာကြီးပါလား. . . (ကြောက်စရာကြီးပါဘုရား)။

ကိလေသာလောက် ကိုက်သတဲ့နော်. . . (မှန်ပါ့) ဒကာ ဒကာမတို့ ဘာဖြစ်ကြသတုံး . . . (ကိလေသာလောက် ကိုက်ပါတယ်ဘုရား) ကိလေသာလောက်က ဘယ်သူကိုက်တာပါလိမ့်မတုံးမေးတော့ ခန္ဓာကိုက်တာ . . . (မှန်ပါ့ဘုရား)။

ကိလေသာလောက်ကိုက်တာ ဘယ်သူ ကိုက်တာပါလိမ့် (ခန္ဓာကိုက်ပါတယ်ဘုရား)။

ခန္ဓာကိုက်တော့ လောက်ကိုက်တဲ့ပုဂ္ဂိုလ်သည် ပြေးမိပြေးရာ မပြေးပေဘူးလား. . . (ပြေးပါတယ်) ပြေးမိပြေးရာပြေးတော့ကို ချောက်တွေကျင်းတွေ ကန်သင်းတွေနဲ့ မတိုက်မိမခိုက်မိပေဘူးလား. . . (ခိုက်မိပါတယ်ဘုရား)။

အဲ လောဘရှိလာပြီဆိုမှဖြင့် ဒေါသကလည်း အတင်းမောင်းနှင်ပြီးသကာလ၊ မောဟဆိုတဲ့တရားက ချောက်ကျင်း မမြင်အောင် လုပ်ပြီဆိုမှဖြင့် လူသေမသေရ၊ ခွေးသေသေရဆိုတဲ့ အဓိပ္ပာယ် ဒကာကြွယ်ဦးလှဘူးတို့ မရောက်ကြပေဘူးလား (ရောက်ပါတယ်ဘုရား)။

**ကိလေသာလောက်ကောင်သေမှုအပြေးရပ်မယ်**

အဲဒါကြောင့် ကိလေသာ လောက်ကောင်သေမှသာ လျှင်၊ ဒကာဒကာမတို့ ကျုပ်တို့မှာ အပြေးရပ်တော့မယ်- (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) မျက်စိကလေး မြင်အောင်လုပ် ပေးမှသာလျှင်လဲ အန္တရာယ်တွေရှိကြောင်း မြင်တော့တယ် . . . (မှန်ပါ့) အန္တရာယ်ရှိကြောင်း သိပြန်တော့လည်း ဒီလမ်းမတိုးတော့ဘူးပေါ့ဗျာ . . . (မှန်ပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာတည်းဟူသော မှောင်ရန်သူတွေ ပေါ်လှတဲ့ မှောင်ကိလေသာ တည်းဟူသော လောက်ကိုက် သူကို ယနေ့ ဇာတ်သိမ်းရအောင်. . . (မှန်ပါ့) သဘောကျ ပလား. . . (ကျပါပြီဘုရား)။

အဝိဇ္ဇာ အမှောင်ကြီးကို ယနေ့ အလင်းပေးရ အောင် . . . (မှန်ပါ့) ကိလေသာ လောက်တွေကိုလဲ ယနေ့

မဂ်ဆေး ဝိပဿနာဆေးနဲ့ အသက်အရေးကို ကြီးစွာသော အရေးလုပ်ပြီးသကာလ သတ်ကြရအောင်၊ ဒီတရားပွဲ ကြိုးစားကြပါလို့ တိုက်တွန်းတယ်နော်. . . (မှန်ပါ့ဘုရား)။

ဟိုဒကာဒကာမတွေကြည့်လိုက်ပြန်လဲ ပျာယာ ခတ်နေတယ်၊ ဒီဒကာဒကာမတွေကြည့်လိုက်ပြန်လဲ ပျာယာ ခတ်နေတာပဲ. . . (မှန်လှပါ) အားလုံးသော ဒကာဒကာမ တွေကို အိမ်လိုက် ကြည့်တော့ အငြိမ်မရှိဘူးဗျ၊ သူတို့အိမ် ကြည့်ရတာ ဣန္ဒြေရလိုက်တာဆိုတဲ့ အိမ်များရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား) ဟာ ဒါဖြင့် ဒီဘက်အိမ်ကမရှိဘူး၊ ဟိုဘက်အိမ်ကဘာဖြစ်နေသတုံး မေးပြန်တော့ ပျာယာခတ် နေတာပဲ(မှန်ပါ့) သဘောကျပလား (ကျပါပြီ) တစ်ခါဈေးချို တစ်ခုလုံး လျှောက်ကြည့်ပြန်တော့လဲ ဘာဖြစ်နေသတုံး . . . (ပျာယာခတ်နေပါတယ်ဘုရား)။

ဟာ. . . ဘာဖြစ်တာတုံး ဣန္ဒြေမရ တည်တည် ကြည်ကြည်မနေရ၊ ဟာ-ဘာဖြစ်ကြပါလိမ့်မတုံးလို့ ညာဏ်မျက်လုံးလေးနဲ့ ဒကာကြွယ်တို့၊ ဦးလှဘူးတို့က ကြည့် လိုက်တာပေါ့ဗျာ(မှန်ပါ့) ကြည့်လိုက်တော့ မမြင်သေးဘူး လား. . . (မြင်ပါတယ်ဘုရား) ဩော်. . . ရောဂါသည်တွေ ပါလား. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမယ်-(ရောဂါသည်တွေပါဘုရား)

ရောဂါသည်တွေပါလားဆိုတာ ငြင်းလို့ရမလား . . . (မရပါဘုရား)။

ဒီရောဂါတွေပျောက်တဲ့ဆီ ပြေးတာလား၊ ချောက်ကျမည့်ဆီ ပြေးတာလားလို့၊ ဒီရောဂါကိုလည်း ဒီရောဂါနဲ့ ဒီနေရာတွင် ဝပ်သေမှာလား၊ ဟိုပြေးဒီပြေးနဲ့ ချောက်ကျင်းတွေထဲ ကျသေမှာပဲလား၊ ရောဂါကိုလည်းမေးပါဦး . . . (ချောက်ကျင်းတွေထဲ ကျသေမှာပါဘုရား) အံမာလေး နေတော့ရောဂါနဲ့ သေတော့ချောက်ကျင်းကျတယ် . . . (မှန်ပါ့) ဘယ်မှာသက်သာခွင့်ပါကြရဲ့လား . . . (မပါပါဘုရား)။

## အနေဆိုးနေပြီး၊ အသေဆိုးသေတယ်

ဩော် . . . ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အနေဆိုး အသေဆိုးဖြင့်သွားလေရဲ့(မှန်ပါ့) ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား) ဒကာကြွယ် ဘယ်နေရာကောင်းခန်းပါသေးသလဲ. . . (မပါပါဘုရား)။

ဒါတွေ အခြေအနေဆိုးကို သေစေချင်တဲ့ ဝိပဿနာမဂ်နဲ့ ကိလေသာလောက်တွေကို သတ်ရလိမ့်မယ်(မှန်ပါ့) အသေဆိုးမသေစေချင်လို့ရှိရင် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှပဲ စိတ်အေးရတော့မယ်. . . (မှန်လှပါဘုရား) ဒါမှအမြင်မှန်ရမှာ ကိုးဗျ. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ဒကာဒကာမတွေ ဘယ်သူ ဂျာယာခတ်လို့ သိန်းပေါင်းများစွာ ချမ်းသာသတဲ့ဆိုတာ ဝမ်းမသာလို့ ပြောတာ မဟုတ်ပါဘူးနော် (မှန်ပါ့) သူ့မှာ လောက်ကိုက်တဲ့ အနာကြောင့် မသက်သာတာကြီးကိုသာ ဘုန်းကြီးတို့မြင်နေလို့ သနားတာပါ. . . (မှန်လှပါဘုရား)။

လောက်ကိုက်နာနဲ့ခွေးသည် ပြေးမိပြေးရာ ပြေးနေခဲ့ သော် ချောက်ကျင်းမှ ကျပ့်မလား. . . (ကျပါတယ်ဘုရား) လောက်ကိုက်တဲ့ခွေးဟာ အလင်းနေချင်လား၊ အမှောင် ပြေးချင်လား အကဲခတ်စမ်းပါဦး-(အမှောင်ပြေးချင်ပါ တယ်ဘုရား) ဩော်. . . အဝိဇ္ဇာ အမှောင်ထုကြီးထဲမှာ ပြေးချင်တယ်ဆိုတာ မသေချာဘူးလား. . . (သေချာ ပါတယ်ဘုရား)

ဒကာကြွယ်ရေ. . . အားလုံး ဒကာဒကာမတွေကို အင်မတန် ကရုဏာရှေ့ထားပြီးသကာလ၊ ကိလေသာ လောက်ကိုက်လို့ မှောင်ထဲချည့်ပြေးနေတာတွေ မြင်နေ သောကြောင့်၊လောက်ကိုက်တာကလဲ မသက်သာ ချောက်ထဲ ကျတာကလဲမကောင်း၊ အသုဘဖြစ်မှာစိုးလို့ လောက်ကိုက် နာကို ကုမကွ၊ အမှောင်နဲ့အလင်း ခွဲခြားပြီး အလင်းကလေး ရအောင်ကိုလဲ မျက်စိနှစ်ကွင်း အလင်းကလေးရအောင် ကြိုးစားပေးမယ်ဆိုပြီး ဟောနေရတာ. . . (မှန်ပါ့) လွယ်ကူ

ပါ့မလား. . . (မလွယ်ကူပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အံမာလေး ဒကာဒကာမတွက ငါပြောတာ ဘာပြော တာပါလိမ့်မတုံးဆိုတာကော ယနေ့တော့ ရိပ်မိကောင်း ပါပြီ. . . (ရိပ်မိပါပြီဘုရား) ဘယ့်နှယ်ကြောင့်ပါလိမ့် . . . (ကိလေသာလောက် ကိုက်လို့ပါဘုရား)။

ကိလေသာလောက်ကိုက်တဲ့ ပုဂ္ဂိုလ်ဟာ လမ်းရွေး သေးသလား (မရွေးပါဘုရား) ရမယ်ဆို ဘယ်လမ်းဖြစ်ဖြစ် . . . (ပြေးပါတယ်ဘုရား) ဘယ်လမ်းက အန္တရာယ်ကင်း သတုံးဆိုတော့ မဂ္ဂင်လမ်းသာ အန္တရာယ်ကင်းတယ် လောကီလမ်းတွေက အန္တရာယ်ကင်းတာရှိရဲ့လား . . . . (မရှိပါဘုရား)။

ဟာ-မကင်း ကင်းကင်း ရမယ်ဆို သွားရမှာပဲ လောက်ကလဲ ကိုက်ပြန်၊ ဒကာဒကာမတွေ ရမယ်ဆိုတဲ့ လောက်က ကိုက်ပြီး နေပြန်တော့ သွားမိသွားရာ သွားတဲ့ အခါကျတော့ အန္တရာယ်မကင်းတဲ့အခါ ရောဂါဥပါဒ် အန္တရာယ်တွေ များတဲ့အထဲ မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား) အဲဒါကလဲ အမှောင်ကိုခွင်းနိုင်တဲ့ အလင်းဝိဇ္ဇာမရလို့ ဖြစ်ရခြင်းဖြစ်ပါတယ်. . . (မှန်လှပ ဘုရား) သိပ်ကြောက်စရာ ကောင်းပါလား (ကောင်းပါတယ် ဘုရား)။

## ကိလေသာလောက်ကိုက်တဲ့ဘဝချည်းပဲ

တစ်သံသရာလုံး တပည့်တော်တို့ ဘယ်လိုနေ ဘယ်လိုသေခဲ့ပါလိမ့်မတုံးဘုရားလို့ ဆိုတော့ ကိလေသာ လောက်ကိုက်ပြီး ချောက်ကျသေခဲ့တဲ့ ဘဝချည်းပဲ . . . (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (ကိလေသာလောက် ကိုက်ပြီး ချောက်ထဲကျသေတဲ့ ဘဝချည်းပါဘုရား) ကိလေ သာလောက်ကိုက်ပြီး ချောက်ကျချည့်သေခဲ့ရတာချည်းပဲ . . . (မှန်ပါ့) ခွေးဖြစ်ပြန်လို့ရှိရင်လဲ ဒီဘက်က ကိလေသာ လောက် ကိုက်ပြန်တယ် (မှန်ပါ့) သေမိသေရာ သေတော့ တာပဲ (မှန်ပါ့) ဟို . . . ခေါက်ဆွဲဖိုဝင်စားလို့ ရေနွေးပူနဲ့ အပက်ခံပြီး သေလိုက်ရတဲ့ ဖြစ်ခြင်းတွေ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

ကိလေသာလောက် ကိုက်တော့၊ ခေါက်ဆွဲဖိုမှ စားရလိမ့်မယ်ထင်တော့ ကိလေသာလောက်ကလဲ ခေါက်ဆွဲ ဖို တွန်းလွှတ်တဲ့အခါကျလို့ရှိရင်၊ ခေါက်ဆွဲဖိုကနေပြီး သကာလ ဒီအနားမှာ ငါတို့ဝယ်ထားတဲ့ သားငါးတွေ သူပဲ စားတတ်တာပဲဆိုပြီး၊ ရေနွေးပူနဲ့ ပက်တော့ သေခြင်းဆိုး မသေရဘူးလား . . . (သေရပါတယ်ဘုရား) လောက်ကိုက် လို့ သွားမိသွားရာ သွားပြန်တော့ သေခြင်းဆိုး သေရတယ် . . . (မှန်ပါ့ဘုရား)။

ဒီဒကာဒကာမတွေလဲ အခု ဘယ့်နှယ် ဖြစ်နေသတုံး ဆိုတော့၊ ဒကာကြွယ်တို့ ဦးလှဘူးတို့ မေးခဲ့သော် ဘယ့်နှယ် ဖြေကြပါမလဲ. . . (လောက်ကိုက်ပါတယ်ဘုရား) ကိလေသာ လောက်ကိုက်ပြီး သွားမိသွားရာသွားလို့ ဘယ်မှာ ငှက်ဖျား သင့်ပြီး သေသတဲ့ဘုရား . . . (မှန်ပါ့) ဘယ်မှာ ကားတိုက် လို့တဲ့၊ ဘယ်မှာဘာဖြစ်လို့တဲ့၊ မကြားရဘူးလား . . . (ကြားရပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် အဲဒီအသေဆိုးကြီးတွေ သေရ ပါလိမ့် မတုံးဆိုတော့ လောက်ကိုက် အတည်တကျ နေမရ လို့ပါ . . . (မှန်ပါ့) ဘယ်လိုဆိုကြပါ့မလဲ . . . (လောက် ကိုက်လို့ အတည်တကျ မနေရပါဘုရား) ဒါ လူတိုင်း အလုပ် နော် . . . (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးများက ကိလေသာ ခပ်သိမ်းငြိမ်း တဲ့ မဂ် ရေစင်ဖျန်းလို့ (မှန်ပါ့) သွားမိသွားရာ ရန်သူထဲသွား မည့် ဥစ္စာကိုလဲ မမြင်၊ ဝိဇ္ဇာဓာတ်ကြီးကိုပေး၍ ကိလေသာ လောက်တွေကို မဂ်ရေစင်နဲ့ ဖျန်းပြီးသေစေ၊ အမြင်ဓာတ် ဖြစ်တဲ့ ဝိဇ္ဇာဓာတ်တွေကို ပေးရလို့ရှိရင်ဖြင့်၊ လောက်မကိုက် သောကြောင့် မပြေး၊ မပြေးလို့ သေခြင်းဆိုး မသေရ . . . (မှန်ပါ့)။

ဒကာကြွယ် ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)

လောက်မကိုက်သောကြောင့် ပြေးရသေးရဲ့လား . . . (မပြေးရပါဘုရား) ပြေးမိပြေးရာ မပြေးလို့ သေခြင်းဆိုး သေစရာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာနဲ့တဏှာပဲ၊ တဏှာတည်းဟူသော လောက်ကိုတော့ အဝိဇ္ဇာမှောင်ကြီးက ဖုံးထားတော့ ပြေးမိပြေးရာပြေး၊ သေခြင်းဆိုးချည့် သေရတဲ့ ဘဝတွေ နည်းနည်းနောနောဘဝတွေ မဟုတ်သည် ဖြစ်လေသောကြောင့်၊ ဒီတစ်ခါဖြင့် လောက်သေဆေးနဲ့ မျက်စိနှစ်ကွင်း အလင်းရတဲ့ဆေး ပေးရတော့မယ် . . . (မှန်ပါ့ဘုရား)။

## တောင်းပန်ပြီးကုပေးနေတာ

ဒါကို ခင်ဗျားတို့ မျက်စဉ်းခပ်ပေးမည့် ကြံရင် ပြေးပြီးသကာလ မနေလိုက်ပါနဲ့ . . . (မှန်ပါ့ဘုရား) ဆေးခွက်ကိုင်ပြီး လောက်တွေကို သတ်ပေးမလို့ လာတာကိုလဲ မြင်တိုင်း မပြေးလိုက်ပါနဲ့ဆိုတဲ့ ဥစ္စာကိုလဲ ဒကာကြွယ် တောင်းပန်ပြီး ကုနေရတယ် . . . (မှန်ပါ့) ဘယ်လိုလုပ်ပြီး ကုသရပါလိမ့် (တောင်းပန်ပြီး ကုသရမှာပါဘုရား)။

တောင်းပန်ပြီး ကုသနေရတယ်ဆိုတော့၊ ခင်ဗျားတို့အတွက်မှာဖြင့် အတော်ကျက်သရေယုတ်တယ် . . . (မှန်ပါ့ဘုရား) ရောဂါကို တောင်းပန်ကုနေရပါတယ်

ဆိုကတည်းက ရောဂါသည်ဟာ အရှုံးဖြစ်နေတယ် . . . (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ . . . (ရောဂါသည်ဟာ အရှုံးဖြစ်နေပါတယ်ဘုရား)။

အံမာလေး . . . ရောဂါလဲရသေးတယ်၊ အရှုံးကလဲ ရှုံးလိုက်သေးတယ်ဆိုလို့ရှိရင်ဖြင့် ကိုယ်ကျိုးဖြင့် နည်းပေါ့ . . . (နည်းပါတယ်ဘုရား) တယ်လဲ ဆိုးဝါးပါလား . . . (ဆိုးဝါးပါတယ်ဘုရား) ပေါ်ကြပလား . . (ပေါ်ပါပြီဘုရား)။

အေး . . . ဒါကြောင့် ဒီတစ်ခါ ဆေးကုခံချင်ခံ ဟုတ်လား . . . (မှန်ပါ့) မျက်စဉ်းပေးလို့ရှိရင်လဲ အလင်းရလိမ့်မယ်၊ ကိလေသာ လောက်တွေလဲ မဂ်ရေစဉ်ဖျန်းလို့ ရှိရင်ဖြင့် ကိလေသာလောက်တွေ သေလို့ရှိရင်ဖြင့် နိရောဓ ဆိုတဲ့ ဓုဝနိဗ္ဗာန်၊ သုခနိဗ္ဗာန်၊ အမတနိဗ္ဗာန်ဆိုတာတော့ဖြင့် ရောက်တော့မှာပဲ . . (မှန်ပါ့ဘုရား) ကဲ . . . ဒါဖြင့် ရောက်အောင်ကြိုးစားကြစို့နော် . . . (မှန်ပါ့ဘုရား)။

## ဝိပဿနာမဂ်ကို ရှေးဦးစွာလုပ်ရမယ်

ကိုင်း. . . ဒါဖြင့် ဒကာဒကာမတို့ ဒီဟာလောက်တွေ ကိုက်တာနဲ့ အမှောင်ကို အလင်းရဖို့အရေးဟာ ဘာလုပ် ရမှာပါလိမ့်မတုံးလို့ မေးလို့ရှိရင်ဖြင့် အားလုံး ဒကာဒကာမ တွေ ဝိပဿနာမဂ်ကို ရှေးဦးစွာ လုပ်ရမယ် . . . (မှန်ပါ့

ဘုရား) အဲ. . . ဝိပဿနာမဂ်ကို ရှေးဦးစွာ လုပ်ရမယ် သေချာပလား (သေချာပါပြီဘုရား)။

ဝိပဿနာမဂ် ရင့်ကျက်လာလို့ရှိရင် လောကုတ္တရာမဂ်ဟာ ဝိပဿနာမဂ်က အနန္တရပစ္စည်း . . . (မှန်ပါ့) လောကုတ္တရာမဂ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် . . . (မှန်ပါ့) အခြား ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေက ဝိပဿနာမဂ်နဲ့ ကိလေသာလောက်တွေကို သေစေပြီးသကာလ လောကုတ္တရာမဂ်နဲ့ 'ဝိဇ္ဇာဥဒပါဒိ အာလောကော ဥဒပါဒိ' ဆိုတဲ့ အလင်းကိုဖြင့် ပေးတော့မှာပဲဆိုတဲ့ဥစ္စာ ဒကာကြွယ်တို့ ဦးလှဘူးတို့ သေသေချာချာကြီး မှတ်ပေတော့ . . . (မှန်ပါ့ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကိုင်း . . . ဒကာဒကာမတို့ ဝိပဿနာမဂ်၊ လောကုတ္တရာမဂ် မဂ်ဘယ်နှစ်မျိုး ရှိပါလိမ့် . . (နှစ်မျိုးပါဘုရား) ဝိပဿနာမဂ် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် . . . (မှန်ပါ့) ဒါကစာလိုသုံးတာ (မှန်ပါ့ဘုရား)။

## ဝိပဿနာမဂ်ကာအကြောင်း

မြန်မာလို ဘုန်းကြီးတို့ ဒကာဒကာမတွေ နားလည်မှုပြောကြပါစို့ ဆိုတော့၊ ဝိပဿနာမဂ်က အကြောင်း လော

ကုတ္တရာမဂ်က . . . (အကျိုးပါဘုရား) အဲ. . . ဝိပဿနာမဂ် အားထုတ်မှ လောကုတ္တရာမဂ်ရမယ်. . . (မှန်ပါ)ဝိပဿနာ မဂ်အားမထုတ်ခဲ့သော်. . . (လောကုတ္တရာမဂ် မရပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိလေသာ လောက်ကိုက်တာကို သေချင်လို့ရှိရင် ဝိပဿနာမဂ်ကိုလုပ်ပါ. . . (မှန်ပါ) အာလောကော ဥဒပါဒိ ဆိုတဲ့ သွားတဲ့နေရာမှာ မဂ်ကိုလုပ်ပါ. . . (မှန်ပါ) အာလောကော ဥဒပါဒိဆိုတဲ့ သွားတဲ့နေရာမှာအလင်းရမှ အန္တရာယ်ကိုရှောင်နိုင်တယ်ဆိုတာ သိရအောင်တော့ဖြင့် လောကုတ္တရာမဂ်ကို အရောက်အားထုတ်ရလိမ့်မယ် (မှန်ပါ့ဘုရား)။

သို့သော် လောကုတ္တရာမဂ်ကို ဒကာသစ်တို့ ခုန်တက်လို့ရပါ့မလား. . . (မရပါဘူးဘုရား) ဘယ်မဂ်မှရပါလိမ့် (ဝိပဿနာမဂ်ရမှ လောကုတ္တရာမဂ် ရမှာပါဘုရား) ဝိပဿနာမဂ်ရမှ လောကုတ္တရာမဂ်ရလိမ့်မယ် ဆိုတာကိုလဲ သေသေချာချာမှတ်ပါ. . . (မှန်ပါ့ဘုရား)ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါ ဘယ်မှာ ဟောပါလိမ့်မတုံး မေးတဲ့အခါကျတော့၊ နိဒါနဝဂ္ဂသံယုတ်မှာ ကြည့်လိုက်တဲ့ အခါကျတော့ သုသိမသုတ်မှာ ဘယ်လိုဟောသတုံးဆိုတော့ "ပုဗ္ဗေခေါ သုသိမဓမ္မဋ္ဌိတိဉာဏံ" သုသိမ=သုသိမပရိဗိုဇ်၊ ပုဗ္ဗေ=ရှေးအဖို့၌၊ ဓမ္မဋ္ဌိတိဉာဏံ=ဝိပဿနာဉာဏ်သည်၊ ဟောတိ=ဖြစ်၏၊

မင်း တို့ ရှေးဦးစွာလုပ်ရမှာက ဝိပဿနာဉာဏ်တဲ့ . . . (မှန်ပါ့)။

"ပစ္စာနိဗ္ဗာနေဉာဏံ" ပစ္စာ=နောက်ကာလ၌၊ နိဗ္ဗာနေဉာဏံ=နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ မဂ်ဉာဏ်သည်၊ ဟောတိ=ဖြစ် ၏။ နောက်မှလောကုတ္တရာမဂ်ဉာဏ် လာပါတယ်ကွာတဲ့. . . (မှန်ပါ့ဘုရား )ဒါဖြင့် ရှေ့ကဘာမဂ်တုန်း . . . (ဝိပဿနာမဂ်ပါဘုရား) နောက်ကဘာမဂ်တုန်း. . . (လောကုတ္တရာမဂ်ပါ ဘုရား)။

## ဝိပဿနာမဂ်ရှေးဦးစွာကြိုးစားပါ

အေး. . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဝိပဿနာမဂ်ကို ရှေးဦးစွာကြိုးစားပါလို့ ဒကာကြွယ်တို့ တိုက်တွန်းတယ်. . . (မှန်ပါ့ဘုရား)မှတ်ထားနော် (မှန်ပါ့) လောကုတ္တရာမဂ်ကတော့ ဖြစ်ပျက်ဆုံးတာကိုမြင်တယ်. . . (မှန်ပါ့ဘုရား)။

ဝိပဿနာမဂ် ဘာမြင်ပါလိမ့်. . . (ဖြစ်ပျက်မြင်ပါတယ်ဘုရား) မှတ်ထားနော်. . . (မှန်ပါ့) လောကုတ္တရာမဂ်ကတော့ ဖြစ်ပျက်ဆုံးတာကိုမြင်တယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဖြစ်ပျက်စမှ၊ ဖြစ်ပျက်ဆုံးမြင်မှာပေါ့. . . (မှန်ပါ့) ဝါးအစကိုမမြင်ဘဲနဲ့ ဝါးအဆုံးကို ဒကာကြွယ်တို့၊ ဦးလှ

ဘူးတို့ မြင်ချင်ပါတယ်ဆို (မမြင်ပါဘူးဘုရား) ဝါးမှမတွေ့တဲ့ ပုဂ္ဂိုလ်ဟာ ဝါးအစလဲမတွေ့ပါဘူး၊ ဝါးအဆုံးကော. . . (မ တွေ့ပါဘုရား) ဝါးအစတွေ့လို့ ဝါးအဆုံးလိုက်မယ်ဆိုရင် ကောဗျာ. . . (တွေ့ပါတယ်ဘုရား)။

အဲ ဝိပဿနာမဂ်ရပြီးလို့ ကိလေသာလောက်သေပြီ ဆိုမှဖြင့်၊ ဒကာဒကာမတို့ လောကုတ္တရာမဂ် ဆိုတဲ့အလင်းကြီး ဟာ ရပါတယ်. . . (ရပါတယ်ဘုရား) ဒါဖြင့် ဒကာဒကာမတို့ ဒီတရားကိုပဲ ဝိပဿနာမဂ်ကိုပဲ စကြပါဆိုတဲ့ အဓိပ္ပာယ်ကိုပဲ ပြောရတော့တယ်. . . (မှန်ပါ့ဘုရား) ။

ကိုင်း. . . ဒကာဒကာမတို့ ဝိပဿနာမဂ်လုပ်ဖို့ သင်လဲသင်မယ်နော်၊ ခန္ဓာထဲလဲဉာဏ်လှည့်လိုက်ပါ၊ ဒီအချိန် ကလေး ဉာဏ်လှည့်လိုက်တာ ခင်ဗျားတို့ စကြဝဠာမင်း စည်းစိမ်ချမ်းသာတွေထက်သာတယ်လို့ အောက်မေ့ပါ. . . (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်တစ်ချက်မြင်တာကမြတ်တယ်

ဒီအချိန် တစ်ချက်လောက်လှည့်လိုက်ရရင်ပဲ "ကော ပံ့ ဇီဝိတံသေယျော" ဆိုတဲ့အတိုင်း၊ အသက်တစ်ရာရှည်ရ တာထက် ဖြစ်ပျက်တစ်ချက်မြင်ရတာက မြတ်ပါတယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဓမ္မပဒပါဠိတော်မှာ ဟော

ထားတဲ့အတိုင်း၊ ရှေးဦးစွာဝိပဿနာမဂ်ကို ရမှသာလျှင် လောကုတ္တရာမဂ်ကို ရနိုင်တယ်လို့၊ နိဒါနဝဂ္ဂသံယုတ်သုတ်တော်မှာ သုသိမပရိဗိုဇ်ကို ဟောထားသည်ဖြစ်လေသောကြောင့်လဲ ကျုပ်တို့သည် ရှေ့ပိုင်းကစပြီး လုပ်ကြပါစို့. . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ ဘာစလုပ်ရမလဲ . . . (ဝိပဿနာမဂ်လုပ်ရပါမယ်) ရှေ့ပိုင်းကစပြီး ဝိပဿနာမဂ်ကို လုပ်ကြပါစို့ . . . (မှန်ပါ့) အားလုံး ဒကာဒကာမတွေ ဒါ ကိလေသာလောက်ကိုက်တာ ကုတော့မလို့ . . . (မှန်ပါ့) ပြီးတော့မှ မျက်စိအလင်း ကုရမှာ . . . (မှန်ပါ့ဘုရား)။

ကိလေသာ လောက်ကိုက်တာ ဝိပဿနာဉာဏ်နဲ့ အရင်လုပ်ပါမှ ဒကာဒကာမတို့၊ လောကုတ္တရာမဂ် ရနိုင်တယ်ဆိုတာလဲ သေချာပလား . . . (သေချာပါပြီ) အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ငါက ဆေးသမားကြီးကွာ၊ မင်းတို့က လူနာသည်တွေကွတဲ့ (မှန်ပါ့ဘုရား)။

ဘုရားက ဘာတဲ့ (ဆေးသမားကြီးပါဘုရား) ဒကာဒကာမတွေက ဘာလဲ (လူနာသည်တွေပါဘုရား) အဲဒီဆေးသမားနဲ့ လူနာသည်ကားလို့ ဆိုရင် ဆေးသမားကပညာသည်မှတ်လိုက်စမ်း . . . (မှန်ပါ့) လူနာသည်တွေကတော့ဖြင့်၊ အနာရှိလို့လဲ ရှိမှန်းမသိဘူး . . . (မှန်ပါ့)

အနာလွန်မှ သိပြန်တော့လဲ ကုလို့မရပါဘူး . . . (မရပါဘုရား)။

အဲဒါကြောင့် အခု ဒကာဒကာမတွေအတွက်မှာ စဉ်းစားရတာကဖြင့်၊ ဒကာဒကာမတို့ အနာကလဲ မလွန်သေး၊ ဆေးသမား၏ ဆေးတွေက ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဆေးတွေ ထားပစ်ခဲ့တော့၊ ဘုန်းကြီးကလဲ ဆေးသမားဖြစ်ပြီး ကုသပေးနေတဲ့ အချိန်မှာ၊ အနာမလွန်ခင် ဆေးကလေး တွေ့ကြလို့ရှိရင်ဖြင့်၊ ခင်ဗျားတို့သည် လောကကိုက် ပျောက်ပြီးသကာလ အလင်းရသောကြောင့်၊ ငြိမ်ငြိမ်နေတဲ့ သန္တိလက္ခဏာ ရှိတဲ့နိဗ္ဗာန်ကြီးရပါလိမ့်မယ် . . . (မှန်ပါ့ဘုရား) သဘောပါကြပလား . . . (ပါပါပြီဘုရား)။

## ဘယ်ဟာ အားထုတ်ရမှာတုံးလို့ မမေးပါနဲ့

ကဲ . . ဒါဖြင့် ကြိုးစားကြပါစို့ဆိုတာ တရားတစ်ပွဲလုံးကပဲ ဆုံးဖြတ်ချက်ချကြပါတော့ . . . (မှန်ပါ့ဘုရား) တရားတစ်ပွဲလုံး ဆုံးဖြတ်ချက်ချကြပါစို့ ဆိုလို့ရှိရင်၊ ဒကာဒကာမတို့ ဘယ်ဟာ အားထုတ်ရမှာတုံး၊ အို . . . ဒကာဒကာမတို့ ဘယ်ဟာ အားထုတ်ရမှာတုံးလို့ မမေးပါနဲ့တော့ ဒီခန္ဓာကြီးထဲမှာ စိတ်ဟာလဲ ခန္ဓာပဲ . . . (မှန်ပါ့) ဝေဒနာကော . . . (ခန္ဓာပါဘုရား) ရုပ်ဟာကော . . . (ခန္ဓာပါ

ဘုရား) သညာ သင်္ခါရတွေကော . . . (ခန္ဓာပါဘုရား) ဩော် . . . ဒါဖြင့် ကိုယ့်ခန္ဓာကို ကိုယ်ကြည့်ကြစို့ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဝိပဿနာမဂ်ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးလို့ရှိရင် ကိုယ့်ခန္ဓာကိုယ်ကြည့်တာ ဝိပဿနာမဂ် (မှန်လှပါဘုရား) ဘယ်လိုမှတ်ကြမယ် . . . (ကိုယ်ခန္ဓာကိုယ်ကြည့်တာ ဝိပဿနာမဂ်ပါဘုရား)။

## ဝိပဿနာမဂ်ဆိုတာ

ဝိပဿနာမဂ်ဆိုတာ ကိုယ့်ခန္ဓာကိုယ် ကြည့်လို့ မြင်လို့ ရှိရင်ဖြင့် ဝိပဿနာမဂ်ဖြစ်တော့တာပဲ . . . (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ) အဲဒါကြောင့် ဒကာဒကာမတို့ ဝိပဿနာမဂ်ဆိုတာ တခြားလား အောက်မေ့နေတယ်၊ ကိုယ့်ခန္ဓာကိုယ် ကြည့်ဖို့ပါပဲ . . . (မှန်လှပါဘုရား)။ ရှင်းပလား . . . (ရှင်ပါပြီဘုရား)။

ကိုယ့်ခန္ဓာကလဲ ဘုရား၊ ခန္ဓာငါးပါးတောင် ဘုရာ့ဆိုတော့ ငါးပါးလုံး မကြည်နဲ့လို့ ဘုန်းကြီးက သတိပေးလိုက်တယ် (မှန်ပါ့) ဝေဒနာပေါ်ရင် ဝေဒနာတွင်ကြည့်ပါ . . . (မှန်လှပါဘုရား) စိတ်ပေါ်ရင် (စိတ်ကိုကြည့်ပါ) စိတ်ကို ကြည့်ပါဆိုတော့ ဝိညာဏက္ခန္ဓာကို ကြည့်တာပေါ့ . . . (မှန်ပါ့ဘုရား)။

ကြည့်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒကာဒကာမ တို့ မြင်တယ်မမြင်တယ်ဆိုတာ ဘုန်းကြီးရှင်းပြမယ် . . . (မှန်ပါ့) မြင်တယ်၊ မမြင်တယ်ဆိုတာ ရှင်းပြပါ့မယ် ဒကာ ဒကာမ တို့ သေသေချာချာ နားထောင်ပါ . . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ ဒကာဒကာမတို့၏ အသက်သည် ပထမစိတ်ဖြစ်တယ်၊ ပထမစိတ်နဲ့ လူရှင်ဖြစ်ရတယ်လို့ မှတ်လိုက်ပါ . . . . (မှန်ပါ့) ဒုတိယစိတ် ဖြစ်လာရင် . . . (ဒုတိယစိတ်နဲ့ လူရှင်ဘုရား) ပထမစိတ်နဲ့ . . . (ပထမစိတ် နဲ့ ရှင်ပါတယ်) ပထမစိတ်နဲ့ လူရှင်နော် . . . (မှန်ပါ့) ဒုတိယ စိတ်ဖြစ်လာရင် . . . (ဒုတိယစိတ်နဲ့ ရှင်ပါတယ်ဘုရား)။

ဩော် . . ဒါဖြင့် ပထမစိတ်နဲ့ လူရှင်သည် ဒုတိယ စိတ်ဖြစ်တဲ့ အခါကျတော့ကို ဒကာဒကာမတို့ အသေမဖြစ် သေးဘူးလား (ဖြစ်ပါတယ်ဘုရား) ဒုတိယစိတ်က အရှင် ဖြစ်နေပြီ (မှန်ပါ့ဘုရား) ကဲ . . . ဒုတိယစိတ်က ရှင်နေပြန် တော့ ဒုတိယစိတ်ကလဲ ဖြစ်ပြီး ပျက်သွားတဲ့ သဘောကလေး နဲ့ ကုန်ဆုံးသွားတော့ တတိယစိတ်နဲ့ အသက်မရှင်ရဘူးလား . . . (ရှင်ရပါတယ်ဘုရား) ဒါဖြင့် ဒုတိယစိတ်နဲ့ ဒကာကြွယ်၊ တစ်ယောက် ဦးလှဘူး တစ်ယောက် ဆုံးရှုံးတယ် သေသွား ပြီဆိုလို့ရှိရင်ဖြင့် လွဲပါ့မလား . . . (မလွဲပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်အသေကို ကိုယ်ကြည့်တာ ဝိပဿနာ ...(မှန်ပါ့) ကိုယ့်ခန္ဓာကိုယ်ကြည့်တာ (ဝိပဿနာပါဘုရား) ကိုယ့်အသေကိုယ်မြင်တာ ... (ဝိပဿနာပါဘုရား) ဩော် ... ဒါဖြင့် ဒကာကြွယ် နေရာကျပါပေ့ါလား ...(မှန်ပါ့) နေရာကျပါပေ့ါလား၊ ဒကာဒကာမတို့။ ကိုယ့်အသေကိုယ်မြင်တာ ...(ဝိပဿနာပါဘုရား)။

ကိုင်း ... ဒါဖြင့် ဒကာဒကာမတို့ ဒီအသေတွေကို မမြင်ကြလို့ ဒကာကြွယ်ရေ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ ဖြစ်ဖို့ ဆုတောင်းကြတာ (မှန်ပါဘုရား) ဒီအသေတွေ ခဏခဏသေနေတဲ့ အသေတွေကို မမြင်ကြတဲ့အတွက်၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ နောက်ဘဝ လူဖြစ်ချင်၊ နတ်ဖြစ်ချင်၊ ဗြဟ္မာဖြစ်ချင်တဲ့ တဏှာလာတာကိုး ဗျ (မှန်ပါ့ဘုရား) ဒီအသေမြင်ချင်ကြရင်ဖြင့် ဖြစ်တဲ့တဏှာကြီးပွားချင်တဲ့ ကိလေသာဆိုတဲ့ လောက်တွေ သေရမယ် ...(မှန်ပါ့ဘုရား) မသေပါနဲ့ဆိုလို့ (မရပါဘုရား)။

မရပါဘူးဆိုသဖြင့် ဩော် ... ဒကာဒကာမတို့ ကိလေသာလောက်ကိုက်လို့ ဟိုပြေး၊ ဒီပြေးတာဟာ အသေမမြင်လို့ပါလား ... (မှန်ပါ့ဘုရား) ပေါ်လာတယ်နော် ... (ပေါ်လာပါတယ်ဘုရား)။

## ခွေးနာလောက်ကိုက်လို့ပြေးနေတာ

ကိလေသာလောက်ကိုက်လို့ ဟိုပြေး ဒီပြေးနဲ့ မန္တလေးပြေးလိုက်၊ တောင်မြို့ပြန်လာလိုက်၊ ဒီကနေ ရန်ကုန်ပြေးလိုက်၊ ရန်ကုန်ကနေ လှည့်ပြန်လာလိုက်၊ ဟာ-တစ်ခါတည်း ဒေါင်ချာစိုင်းလို့ . . . (မှန်ပါ့ဘုရား) တစ်ခါတလေကျတော့ တချို့သော ပုဂ္ဂိုလ်ကျတော့ သေခဲ့ရတာပါပဲ (မှန်ပါ့ဘုရား) ပြန်လာတဲ့ဆီ ရောက်သေးရဲ့လား . . . (မရောက်ပါဘုရား) မှောင်ထဲခွေးနာ ပြေးသလို ပြေးရလို့ ချောက်ကျ . . . (မှန်ပါ့) ခွေးနာလောက်ကိုက်လို့ ပြေးတော့ ချောက်ကျပြီးသေရ . . . (မှန်ပါ့ဘုရား)။

ဒီအဓိပ္ပါယ်တွေချည့်ပဲ ဒကာဒကာမတွေ၊ သံသရာတစ်ခုလုံးမှာ မဆုံးနိုင်အောင် ပြေးလား-လွှားလား ချောက်ကျလားနဲ့ပဲ အချိန်ကုန်ခဲ့ရတယ် . . . (မှန်လှပါဘုရား)။

ဘာနဲ့ အချိန်ကုန်ခဲ့ရသလဲ (ပြေးလား-လွှားလားနဲ့ အချိန်ကုန်ခဲ့ရပါတယ်ဘုရား) ပြေးလား-လွှားလား ချောက်ကျပြီး သကာလ သေခဲ့ကြေခဲ့ရတဲ့ ဘဝတွေ များလွန်းလို့ ဒကာဒကာမတွေ တယ်ဆိုးတဲ့ ကိလေသာ လောက်ပါလား ဆိုပြီး . . . လောက်နိုင်ဆေးကို အရင်ပေးနေတယ်ဆိုတာကို ဒကာကြွယ် ဦးလှဘူးတို့ မှတ်ရမယ် . . . (မှန်လှပါဘုရား)။

လောက်နိုင်ဆေးအရင်ပေးနေရတယ် . . . (မှန်ပါ့)

လောက်နိုင်ဆေး ဘာပါလိမ့်မတုံးဆိုတော့ ကိုယ့်အသေ ကိုယ်မြင်တဲ့ဉာဏ် (မှန်ပါ့) ကိုယ့်အသေကိုယ်မြင်တဲ့ဉာဏ် သည် ကိလေသာလောက်ကို သေစေနိုင်တဲ့ ဉာဏ်ဆေးပဲ . . . (မှန်ပါ့ဘုရား) သဘောပါကြပလား . . . (ပါပါပြီ ဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ ဥပမာ လယ် လွန်းတဲ့စက်ဘီးတစ်ခုရှိပါတယ်။ စက်လည် ဒီဇယ်ထည့် မောင်းမောင်း ဓာတ်ဆီထည့်မောင်းမောင်း ဒကာကြွယ် ဘီးကြီးက သိပ်လည်တာပဲ . . . (လည်ပါတယ်ဘုရား) ဟာ . . . တစ်မိနစ်ဆိုလျှင် နှစ်ထောင်လောက်လည်တယ် နှစ်ထောင့်ငါးရာလောက် လည်တယ်ဆိုပါတော့ . . . (မှန်ပါ့) စိတ်တွေလဲ ဒီလိုပါပဲတဲ့၊ တစ်စိတ်ပြီးတစ်စိတ် ဖြစ်နေတာပဲ ဒီလိုလည် ဖြစ်နေတာပဲ ဆိုတာကို မှတ်ထားကြစမ်းပါ . . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ မှတ်ထားကြတဲ့အခါကျတော့ ဒကာ ဒကာမတို့ ကိုယ့်စိတ်ဟာလဲ ကိုယ်ရှုကြတော့ဆိုတဲ့ အမိန့်ဟာယ် သည် ဒကာဒကာမတို့ မနက်ထစဉ်းစားကြစမ်း၊ အိပ်ရာက နိုးလာတော့ နိုးလာတဲ့ စိတ်ကလေး မလာဘူးလား . . . (လာပါတယ်ဘုရား) နိုးတဲ့စိတ်ကလေးဟာလဲ ဖျတ်ဆိုနိုး လာပြီးသကာလ နိုးမှန်းသိတဲ့ စိတ်ကလေးကလဲ နောက်က လိုက်မလာဘူးလား . . . (လာပါတယ်ဘုရား) အဲဒီအချိန်

မှာ နိုးမှန်းသိတဲ့ စိတ်ကလေးဟာ ရှိသေးရဲ့လား . . . (မရှိပါဘုရား) နိုးမှန်းသိတဲ့စိတ်သာ ရှိတော့တယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကောင်းပြီး ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သေသေချာချာ ဟောတယ်နော် "အဘိက္ကန္တေ ပဋိက္ကန္တေနဲ့" လာလိုက်တဲ့ဖြစ်ခြင်း၊ မသိရမည့်နေရာများ ရှိသေးသလား . . . (မရှိပါဘုရား) အဲဒါဟာ ကိုယ့်အသေကိုယ်သိခိုင်းနေတာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။

ကဲ . . . နိုးတဲ့စိတ်ကလေးဟာ နိုးမှန်းသိပြီးသကာလ ဒီနိုးမှန်းသိတဲ့ စိတ်ကလေးဟာ ထမှုပါပဲဆိုတာနဲ့ စိတ်ကလေးလာတော့ ခုနင်က နိုးမှန်းသိတဲ့ စိတ်ကလေး ရှိသေးရဲ့လား . . . (မရှိတော့ပါဘုရား)။

မရှိတော့ နိုးမှန်းသိတဲ့ စိတ်ကလေးက အနိစ္စဟုတ်လား (မှန်ပါ့) မရှိဘူးလို့ သိတာကလေးက . . . (မဂ္ဂပါဘုရား) ဒီလိုကလေး လိုက်ပေးပါတဲ့၊ အခုတော့ ဒကာဒကာမတွေက ဒီလို ဝိပဿနာမဂ်မလိုက်ဘဲ ဖြစ်နေတော့ နိုးပြီးနိုးလို့ ရှိရင်ဖြင့် လဘက်ရည်အခန်းရင် လဲသွားမယ်၊ ကုဋီကျောင်ငယ် အခန်းရင်လဲ သွားမယ်လို့ဆိုတော့ ဒီကြားထဲ မဂ်မသွင်းဘူးဗျ . . . (မှန်ပါ့) သွင်းသေးရဲ့လား . . . (မသွင်းပါ) နိုးမှန်းသိတဲ့ စိတ်ကလေးဟာ ရှိသေးသလား

မရှိတော့ဘူးလား ဆိုတာ ဒကာကြွယ်ရေ ဝိပဿနာရှုရမယ် . . . (မှန်ပါ့ဘုရား)။

ရှုလိုက်တဲ့အခါကျတော့ နိုးတဲ့စိတ်ကလေးသည် ရှိသလား မရှိဘူးလားလို့ တွေးလိုက်တာပေါ့ဗျာ (မှန်ပါ့) တွေးလိုက်တဲ့ အခါကျတော့ နိုးတဲ့စိတ်ကလေး ရှိသေးသလား . . . . (မရှိပါဘုရား) အဲ . . . မရှိတာ ဘာခေါ်ကြမယ် (အနိစ္စပါ) မရှိမှန်းသိတာက . . . (မဂ္ဂပါဘုရား)။

ဝိပဿနာမဂ္ဂဖြစ်လာတော့ ဩော် . . . ဒကာ ဒကာမတို့ နိုးပြီးလဲသေပြန်တာကိုး . . (မှန်ပါ့) ဘယ့်နှယ် ဆိုကြမလဲ နိုးပြီးလဲသေပြန်တာပဲ . . . (မှန်ပါ့) နိုးကာရှိသေးတယ် တစ်ယောက်သေပြန်ပြီ ဒကာကြွယ်ရ . . . (မှန်လှပါဘုရား) နိုးတဲ့လူတွေ ရှိသေးရဲ့လား . . . (မရှိပါဘုရား) နိုးတဲ့စိတ်ကလေး . . . (မရှိပါဘုရား) နိုးပြီး ဘာဖြစ်သွားပါလိမ့် (သေသွားပါတယ်ဘုရား) နိုးပြီး သေသွားတယ်ဆိုတဲ့ အဓိပ္ပာယ်လဲ မရှင်းဘူးလား . . . (ရှင်းပါတယ်ဘုရား)။

## ကိုယ့်အသေကိုယ်မြင်တာ ဝိပဿနာ

ဒါဖြင့် ဝိပဿနာဆိုတာ ဒကာဒကာမတို့ ကိုယ့်အသေ ကိုယ်ကြည့်တာ ဝိပဿနာ (မှန်ပါ့) ကိုယ့်ခန္ဓာ ကိုယ်ကြည့်တာ . . . (ဝိပဿနာပါဘုရား) ကိုယ့်အသေကိုယ် မြင်တာ (ဝိပဿနာပါဘုရား)။

နိုးတဲ့စိတ်ကလေးကို ရှိ မရှိ နောက်က ဒကာကြွယ်တို့၊ ဦးလှဘူးတို့ အကဲခတ်လိုက်စမ်းပါ (မှန်လှပါ) အကဲခတ်လိုက်တဲ့ စိတ်လာရင် ဘယ့်နှယ်တုံး . . . (သေသွားပါတယ်ဘုရား) ဪ . . . အိပ်ရာကနိုးပြီး သေသွားပြန်ပြီ (မှန်ပ့ါ) ကိုယ့်အသေ ကိုယ်မမြင်လိုက်ဘူးလား . . . (မြင်ပါတယ်ဘုရား)။

အဲ . . . ဝိပဿနာမင်္ဂနဲ့ ကြည့်ပြီဆိုမှဖြင့် ကိုယ့်အသေကိုယ်မြင်တော့တယ် . . . (မှန်ပ့ါ) မမြင်ဘူးလား . . . (မြင်ပါတယ်) ဒါဖြင့် နိုးတဲ့စိတ်က အနိစ္စ၊ နိုးတဲ့စိတ်မရှိတာကို သိတာက . . . (မဂ္ဂပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီလို သိထားတဲ့အခါကျတော့ ဒီနေ့ အိပ်ရတာ နိုးရတာဖြင့် ကောင်းလိုက်တာပဲ ဆိုတဲ့တဏှာ လာသေးရဲ့လား . . . (မလာပါဘုရား)။

နောက် ဒီလိုချည့်ပဲ နိုးပရစေ၊ ဒီလို ကောင်းကောင်းအိပ်ပြီး ကောင်းကောင်း နိုးချင်တဲ့ ဥပါဒါန်တွေ စွဲလမ်းမှုတွေ မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

ဒီလိုလာလို့ရှိရင် ကာယကံ ဝစီကံနဲ့ ပေ့ါပေ့ါပါးပါး လိုက်ဦးမယ်လေ၊ ကာယကံ၊ ဝစီကံနဲ့ပဲ ကျုပ်ဖြင့် ဒီနေ့ အိပ်ရတာ ပေ့ါပေ့ါပါးပါး လိုက်ဦးမယ်လေ၊ ကာယကံ၊ ဝစီကံနဲ့ပဲ ကျုပ်ဖြင့် ဒီနေ့ အိပ်ရတာ ပေ့ါပေ့ါပါးပါးနဲ့ ထ,

နိုင်တယ်၊ ဆိုနိုင်တယ်၊ ပြောနိုင်တယ် . . . ကြည်ကြည် လင်လင်ပဲ အစရှိသည်နဲ့ ကာယကံ၊ ဝစီကံတွေ မလာပေဘူး လား . . . (လာပါတယ်) အဲဒီလိုလာတော့ တဏှာ၊ ဥပါဒါန်၊ ကံတွေက မဆက်ဘူးလား . . . (ဆက်ပါတယ်) တဏှာ ဥပါဒါန်ကံတွေ ဆက်တော့ ဇာတိ ဇရာ မရဏ နေပါ့မလား . . . (မနေပါဘုရား)။

## ကိုယ့်အသေကိုယ်မမြင်ရင် တဏှာဆက်တယ်

ဒါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ပဲ စဉ်းစားပါတော့၊ ကိုယ့်အသေကိုယ်မမြင်တဲ့ ပုဂ္ဂိုလ်ဟာ တဏှာ ဥပါဒါန်ကံ ဆက်တယ် . . . (မှန်ပါ့ဘုရား)။

ကိုယ့်အသေကိုယ်မမြင်တဲ့ ပုဂ္ဂိုလ်ဟာ . . . (တဏှာ ဥပါဒါန် ကံဆက်ပါတယ်) ကိုယ့်အသေ ကိုယ်မြင်တဲ့ ပုဂ္ဂိုလ် ကျတော့ တဏှာ ဥပါဒါန်ကံ ဆက်သေးရဲ့လား . . . (မဆက် ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ပဲ ဝေဖန်ပါတော့၊ ကိုယ့် အသေ ကိုယ်မြင်တာ ဘာခေါ်ကြမယ် (ဝိပဿနာပါဘုရား) ဟုတ်ပြီ "ကေစိတ္တသမ ယုတ္တာကိုးဗျ" တစ်ခုသော စိတ်နဲ့ အသက်ရှုနေတဲ့ လူတစ်ယောက် တစ်ယောက်မှာ နှစ်စိတ်နဲ့ အသက်မရှင်ပါဘူးတဲ့ (မှန်ပါ့) တစ်စိတ်နဲ့ အသက်ရှင်နေတာ

ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) နိုးတော့ ဘယ်သူနဲ့ အသက်ရှင်နေသတုန်း . . . (နိုးစိတ်နဲ့ အသက်ရှင်နေပါတယ် ဘုရား)။

အဲဒီနိုးစိတ်ကလေးကို နောက်ကနေ ကြည့်တာပေါ့ ဒကာဒကာမတို့၊ ဘယ်လောက်ပဲ စိတ်တွေခြားခြား နောက်ကနေပြီး ကြည့်လိုက်တဲ့အခါကျတော့၊ နိုးစိတ်ကလေးဟာ ကြည့်တဲ့စိတ်ပေါ်လာတော့ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဘာရှိနိုင်ပါ့မလဲ ဒကာဒကာမတို့ ကြည့်တဲ့စိတ်နဲ့ အသက်ရှင်နေရတာပဲ၊ နိုးတဲ့စိတ်က သေပြီးသား ဖြစ်နေတယ် (မှန်ပါ့) ဒါဖြင့် အသေကို အရှင်ကနေကြည့်တာ ဘာခေါ်ကြမယ် (ဝိပဿနာပါဘုရား) အသေကို အရှင်ကနေ မကြည့်ရင် ပဋိစ္စသမုပ္ပာဒ် (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## အသေကို အရှင်ကနေ မကြည့်ရင် ပဋိစ္စသမုပ္ပါဒ်

အသေကို အရှင်ကနေ မကြည့်ရင် . . . (ပဋိစ္စသမုပ္ပါဒ်ပါ့ဘုရား) ပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာတန်းပြီ (မှန်ပါ့ဘုရား) အသေကို အရှင်ကနေကြည့်ရင် . . . (ဝိပဿနာပါဘုရား)။

အသေကို အရှင်ကနေပြီး မကြည့်လို့ရှိရင် ဒုက္ခသစ္စာ ပွားပေါ့ . . . (မှန်ပါ့) ဒီစကား မသေးပါဘူး ဒကာကြွယ်၊ ဉာဏ်နားနဲ့ ထောင်ကြည့်မှ ဒကာဒကာမတို့ ကြီးကျယ်မှန်း သိတယ် . . . (မှန်ပါ့ဘုရား) ဉာဏ်နားနဲ့ ထောင်ကြည့်မှ ဒကာဒကာမတို့ ကြီးကျယ်မှန်း သိတယ်ဆိုတာ သေသေ ချာချာမှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

အသေကို အရှင်ကသိတော့ ဘာတုံး . . . (ဝိပဿ နာပါဘုရား) အသေကို အရှင်ကမသိလို့ရှိရင်ဖြင့် အဝိဇ္ဇာ ပစ္စယာသင်္ခါရာ . . . (မှန်ပါ့ဘုရား)။

ဒါကလေးနှစ်လုံးရတာနဲ့ပဲ ဩော် သံသရာဆက်ပုံ နဲ့ သံသရာပြတ်ပုံဟာ တယ်ခြားနားပါလား ဆိုတာ ကောင်း ကောင်းကြီး ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား) ဒကာသစ် မပေါ်သေးဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

အသေကို အရှင်ကမြင်တော့ ဘာတဲ့ . . . (ဝိပ ဿနာပါဘုရား) ဟုတ်သားပဲ ရှေ့သေတာကို နောက် ရှင်နေတဲ့ ဝိပဿနာဉာဏ်နဲ့ အသက်ရှင်တော့ အဲ . . . ဒီဉာဏ်က ကြည့်လိုက်တဲ့ အခါကျတော့ အသေက အနိစ္စ၊ အရှင်က မဂ္ဂ . . . (မှန်ပါ့) သဘောပါပလား . . . (ပါ-ပါပြီ ဘုရား)။

သေတော့ သေတာပဲ၊ ရှင်တော့ ရှင်နေတာပဲတဲ့၊ ရှင်တဲ့စိတ်တွေ မကြည့်တဲ့စိတ်တွေ လာမယ် . . . (မှန်ပါ့) မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

မကြည့်တဲ့စိတ်တွေ လာတဲ့အခါကျတော့ဖြင့် အသေစိတ်က ဒုက္ခသစ္စာကို မသိတဲ့စိတ် လာနေတော့ ဒုက္ခသစ္စာ မသိတော့ ဒုက္ခေအညာဏ်ဆိုတဲ့ အဝိဇ္ဇာလာတယ် . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အသေကို အရှင်ကမသိလို့ ရှိရင် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ . . . (မှန်ပါ့) အသေကို အရှင်ကသိလို့ ရှိရင် (ဝိပဿနာပါဘုရား)။

## ဒီနှစ်လုံးကို မမေ့ပါနဲ့

ဒီနှစ်လုံးကို မမေ့ပါနဲ့ . . . (မှန်ပါ့) အသေကို အရှင်က သိရင် . . . (ဝိပဿနာပါ) အသေကို အရှင်က မသိရင် . . . (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

အို . . ဒီနှစ်လုံးဟာ ဒကာကြွယ်၊ ပထမတစ်လုံးက ဘုရားပွင့်တာ . . . (မှန်ပါ့) ဒုတိယ နောက်စကားက ဘုရား ပရိနိဗ္ဗာန်စံတာ (မှန်ပါ့) ဘုရား ပရိနိဗ္ဗာန်စံသွားတော့ ခင်ဗျားတို့ သန္တာန်ဟောမည့် ပြောမည့် ပုဂ္ဂိုလ်မရှိတာဘဲ . . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် အသေကို အရှင်ကသိရင် ဘုရားပွင့်တာ. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီ) အသေကို အရှင်ကမသိလို့ရှိရင် ဘုရားပရိနိဗ္ဗာန်စံတာ. . . (မှန်ပါ့) ခင်ဗျားတို့ သွန်သင်တဲ့ပုဂ္ဂိုလ် မရှိတော့ဘူး(မှန်ပါ့) ရှိသေးရဲ့လား. . . (မရှိပါဘူး)

## အသေကိုအရှင်ကသိရင်ဝိပဿနာ

အသေကိုအရှင်ကသိရင်- (ဝိပဿနာပါဘုရား) ဝိပဿနာတဲ့၊ ဒါဝိပဿနာဉာဏ်၊ ပေါ်လာတာ . . . (မှန်ပါ့) ဩော် . . . သေတာက အနိစ္စ၊ သိတဲ့ဉာဏ်က မဂ္ဂဆိုတော့ ဝိပဿနာမဂ် မဖြစ်လာဘူးလား. . . (ဖြစ်လာပါတယ်ဘုရား) ရှင်းလို့ ဒကာကြွယ်ရေ. . . (မှန်ပါ့) မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား)။

အသေကို အရှင်က မသိခဲ့သော် (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါဘုရား) အသေကို အရှင်က မသိတော့ မသိတာ သည်ကားလို့ဆိုရင် ခဏာခဏာစိတ်ကလေးတွေဟာ ပျက်စီးနေတယ်။ နိုးတဲ့စိတ်ကလေးဟာ ပျက်စီးနေတယ်။ နိုးတဲ့စိတ်ကလေး ပျက်စီးတာ သူမသိပါဘူးတဲ့၊ မသိတာက အဝိဇ္ဇာ . . . (မှန်ပါ့) အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ တော်အောင်

ရော်အောင် အလုပ်တွေ မလုပ်ပေဘူးလား . . . (လုပ်ပါ တယ်ဘုရား)။

ဒါဖြင့် အသေကို အရှင်ကမသိရင် . . . (အဝိဇ္ဇာ ပစ္စယာသင်္ခါရာပါဘုရား) သဘောကျပလား. . . (မှန်ပါ့) ဒကာဒကာမတွေ ဒီတရားကြားရ ဒီလိုသိရတဲ့အခါကျတော့ ငါတို့ဟာ မသိအဝိဇ္ဇာ. . . (မှန်ပါ့) သိတာ ဝိပဿနာ. . . (မှန်ပါ့ဘုရား)။

ဩော် . . . ဒါဖြင့် ဝိပဿနာရှုတယ်ဆိုလို့ရှိရင် ဒါဘုန်းကြီးများက ကိလေသာလောက်ကိုက်တာတော့ဖြင့် ဒကာကြွယ်ရေ လောက်သေတော့မယ်ဆိုတာ ရှင်းသွားတယ် . . . (ရှင်းပါတယ်ဘုရား)။

အခု ပြောခဲ့တာတွေ ဒကာကြွယ်သေသည့်တိုင် အောင် မှတ်ထားပါ. . . (မှန်ပါ့) ဘယ့်နှယ်ကြောင့် ဆရာ ဘုန်းကြီး အရေးတကြီး ထိပ်သံမှိုနှက်သည်ထက်မြဲအောင် သေသည့်တိုင် မှတ်ပါလို့ ဆိုရသတုံးဆိုတော့ ဝိပဿနာလဲ ကင်းလိုက်ပါရော၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ ဒုက္ခက္ခန္ဓသ သမုဒယော ဟောတိဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ ဒကာ ကြွယ်တို့ မဆုံးတော့ဘူး. . . (မှန်လှပါဘုရား) ဆုံးပါဦးမလား . . . (မဆုံးပါဘုရား)။

ဒုက္ခက္ခန္ဓသာ သမုဒယောကြီး မဆုံးတော့ဘူး ဆိုလို့ ရှိရင် ဒုက္ခစက်ကြီးသာလည်တော့လို့ ပြောတာပဲ. . . (မှန်လှပါဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေက အသေကို အရှင်ကသိရင် . . . (ဝိပဿနာပါဘုရား) အသေကို အရှင်ကမသိရင် . . . (အဝိဇ္ဇာပစ္စယာသင်္ခါရာပါ ဘုရား)။

ဒါဖြင့် ရှင်တော့ရှင်နေတာပဲ၊ မသိရင် ရှင်နေလို့ ရှိရင် ဖြင့် ဩော် . . . စုံလုံးကန်းလမ်းသွားနေတာပဲ . . . (မှန်လှပါ ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ . . . (စုံလုံးကန်း လမ်းသွားနေ တာပါဘုရား) အသေကို အရှင်ကမသိဘူး၊ ရှင်တော့ရှင်နေ တယ် သူ့ဟာ (မှန်ပါ့) ရှင်ပြီးလုပ်ချင်တာတွေလုပ်၊ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ရောင်းဝယ်ရေး တောင်ပြေးမြောက် ပြေး . . . (မှန်ပါ့) ဒါတွေသာ လုပ်ပြီးသကာလနေတဲ့ အခါ ကျတော့ ဒကာဒကာမတို့သိတဲ့အတိုင်းပဲ စုံလုံးကန်း လျှောက် ပြေးနေတာ (မှန်ပါ့ဘုရား)။

## ရှင်းချာလို့ ခပ်ကြမ်းကြမ်းဆုံးမနေရတာ

ဘယ့်နှယ့်ဆိုပါ့မလဲ . . . (စုံလုံးကန်းလျှောက်ပြေး နေပါတယ်ဘုရား) ဩော်. . . ဘုန်းကြီးတို့ ဒကာဒကာမတွေ

ရင်းလို့ချာလို့ ခပ်ကြမ်းကြမ်းပြောပြီး သကာလ သွန်သင်ဆုံးမ နေရတယ်။ စုံလုံးကန်းက ဒီဥစ္စာ လေးလုံးရှိရင် ဒီထက် ဆိုးမယ်နော်. . . (မှန်ပါ့ဘုရား) လေးလုံးက ထည့်ရဦးမှာ အခုတော့ စုံဆိုတော့ နှစ်ခုထဲ ကန်းသေးတာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ သံသရာရှည်ရတာ စုံလုံးကန်းရှည်နေ တယ်ဆိုရင် ရှေ့မှာရှိတဲ့ ခလုတ်လဲ စုံလုံးကန်းတိုက်ရမည့် ခလုတ်ပဲ (မှန်ပါ့) ရှေ့မှာရှိတဲ့ ကျင်းတွေကလဲ စုံလုံးကန်း ကျရမည့်ကျင်းတွေ . . . (မှန်ပါ့) အရှေ့မှာရှိတဲ့ မြွေတွေကင်း တွေကလဲ စုံလုံးကန်းကိုက်မလို့ စောင့်နေတာတွေ . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီလောက် ဆိုးဝါးသွားမှာစိုးတဲ့အတွက် ဒကာဒကာ မတို့ အသေကိုအရှင်ကသိရင် ဘာခေါ်မယ်. . . (ဝိပဿနာ ပါဘုရား) အသေကို အရှင်ကမသိရင် (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ) အဲ. . . အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတာ စုံလုံးကန်း လမ်းသွားတာဆိုတာ (မှန်ပါ့ဘုရား)။

အဲ. . . တစ်သံသရာလုံး ကျုပ်တို့ တစ်ခါတလေ လူ့ပြည်အမိဝမ်းခေါင်းချောက်ထဲကျလိုက် (မှန်ပါ့) တော် တော်ကြာ ခွေးဝမ်းခေါင်းချောက်ဆိုတဲ့ ချောက်ထဲကကော

(ကျပါတယ်ဘုရား) ဘယ့်နှယ်ကြောင့်ကျပါလိမ့်မတုံး. . .
(စုံလုံးကန်းသွားလို့ပါဘုရား)။

စုံလုံးကန်းလမ်းသွား ဘယ့်နှယ်ကြောင့် သွားဖြစ်
ပါလိမ့်မတုံးဆိုတော့ အသေကို အရှင်ကမသိလို့ (မှန်လှပါ
ဘုရား) အသေကို အရှင်က မသိလို့ (မှန်လှပါဘုရား) အသေ
ကို အရှင်က မသိလို့ဆိုတော့ ရှင်တော့ရှင်နေတာပဲ၊ စုံလုံး
ကန်းရှင်ဖြစ်နေလို့ ချောက်တွေချည့် ကျနေတယ်. . . (မှန်ပါ့
ဘုရား) သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါကြောင့် ယနေ့ဟောတဲ့တရားဟာ ဒကာဒကာမ
တွေလဲ ဒီမြို့ရောက်မှဆိုရင်လဲ ဟောကိုမဟောသေးပါဘူး
. . . (မှန်ပါ့) ဩော်. . . ဒါဖြင့် အသေကိုအရှင်ကသိ
လို့ရှိရင် ဒါဝိပဿနာဉာဏ်အစစ်. . . (မှန်ပါ့) ရှင်တော့
ရှင်နေတယ် တဲ့ စုံလုံးကန်းရှင်နေတော့ ကိုယ်သေတာ
ကိုယ်သိသေးရဲ့ လား (မသိပါဘုရား) မသိတော့ မသိတာက
အဝိဇ္ဇာပစ္စယာ . . . (သင်္ခါရာပါဘုရား)။

ကြောက်စရာကောင်းလိုက်တာ ဒကာဒကာမတို့
နဂိုတုန်းကလဲ အဝိဇ္ဇာပစ္စယာသင်္ခါရာက လာခဲ့တယ်. . .
(မှန်ပါ့) ယခုလဲ ဘာလုပ်နေပြန်ပါလိမ့်မတုံး. . . (အဝိဇ္ဇာ
ပစ္စယာသင်္ခါရာလုပ်နေပါတယ်ဘုရား) အို. . . ဒါဖြင့်
အမှောင်ထဲကလာပြီး အမှောင်ထဲသွားပြန်ပါပြီ. . . (မှန်ပါ့)

ဘယ့်နှယ်ဆိုကြမလဲ . . . (အမှောင်ထဲကလာပြီး အမှောင်ထဲသွားပါတယ်ဘုရား)။

အမှောင်ထဲလာပြီး အမှောင်ထဲသွားတော့ ချောက်တွေကျင်းတွေဆိုတဲ့ ချောက်တွေ အမိဝမ်းခေါင်းဆိုတဲ့ ကျင်းတွေဟာ စုံလုံးကန်းတို့၏ ကိန်းရာ အောင်းရာ ရောက်ရာ ဒုက္ခထောင်ကြီးတွေပဲ (မှန်ပါ့ဘုရား) လွဲပါ့မလား (မလွဲပါဘုရား) အင်မတန်မဆိုးဝါးဘူးလား . . . (ဆိုးဝါးပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ အင်မတန် ကြားရကြံ့ရခဲ့တော့၊ ဒီကိုယ့်အသေကိုယ်ကြည့်တဲ့ဥစ္စာ ဝိပဿနာဆိုတာကိုလဲ၊ ဒကာကြွယ်တစ်သက်နဲ့ တစ်ကိုယ်ကြားရတာ အင်မတန်ကြားရခဲတယ်နော် . . . (မှန်ပါ့) မှန်လိုက်တာ . . . (မှန်ပါတယ်ဘုရား)။ မှန်လိုက်တာလဲ လွန်နေတာပဲ . . . (မှန်ပါ့)။

**ကိုယ့်အသေကိုယ်မသိတာပဋိစ္စသမုပ္ပါဒ်ဆက်တာ**

ကိုယ့်အသေကိုယ်မသိတာဘာတဲ့ . . . (ပဋိစ္စသမုပ္ပါဒ်ဆက်တာပါ) ကိုယ့်အသေမှကိုယ်မသိတော့ အသေဒုက္ခသစ္စာ။ မသိတာက အဝိဇ္ဇာကိုးဗျ . . . (မှန်ပါ့) ဒါဖြင့် "အဝိဇ္ဇာပစ္စယာသင်္ခါရာ" မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

ဒါကြောင့် ယနေ့တရား ဘုန်းကြီးတို့ ဘာများဆုံးမပါလိမ့်မတုံး၊ ကိုယ့်အသေကိုယ်သိတာ. . . (ဝိပဿနာပါဘုရား) ကိုယ့်အသေကိုယ်မသိတာ. . . (အဝိဇ္ဇာပစ္စယာသင်္ခါရာပါဘုရား)။

ဩော်. . . တစ်သံသရာလုံး ဒီနှစ်ခုမှာ ဘယ်ဟာနဲ့နေပါလိမ့်မလဲဆိုတာ၊ ကိုယ်ပိုင်ဉာဏ် ကိုယ်တိုင်အကဲခတ်ကြည့် ပေါ်လာလိမ့်မယ်. . . (ပေါ်ပါတယ်) ပေါ်လာတော့ဘယ်ဟာတွေ့ပါလိမ့်၊ ကိုယ့်အသေကိုယ်မသိတာ(ပဋိစ္စသမုပ္ပါဒ်ဆက်တာပါဘုရား) ဒါနဲ့အချိန်ကုန်လာတယ်. . . (မှန်လှပါဘုရား)။

ဘယ်လောက်များ နစ်နာတယ် ဆိုတာဖြင့် ဒကာသစ်တို့ ပြောဖို့လိုသေးလား. . . (မလိုပါဘုရား) ဦးလှဘူးအသေမစောလိုက်နဲ့ဦး၊ ကိုယ်အသေကိုယ်သိတဲ့အလုပ် လုပ်စမ်းပါ. . . (မှန်ပါ့ဘုရား)

## ကိုယ့်အသေကိုယ်သိပြီးမှသေစမ်းပါ

နောက်က ဒကာဒကာမတွေ ဘုန်းကြီးဘာကိုမေတ္တာရပ်ပါလိမ့်ဗျာ. . . (ကိုယ့်အသေကိုယ်သိတဲ့ အလုပ်လုပ်ပါဘုရား) ကိုယ့်အသေ ကိုယ်သိပြီးမှ သေစမ်းပါလို့. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ကိုယ့်အသေအနိစ္စ၊ ကိုယ်သိတာက မဂ္ဂ. . . (မှန်ပါ) ကိုယ့်အသေကိုယ်မသိတာက ဒကာ ဒကာမ တို့ အဝိဇ္ဇာ (မှန်ပါ) ပြုချင်သလိုပြုတာက (သခင်ရပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ကိုင်း - ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကလည်း လမ်းနှစ်လမ်း ဟောတဲ့အနက် သမ္မာမဂ္ဂလမ်း၊ မိစ္ဆာ မဂ္ဂလမ်းလို့ မဟောခဲ့ဘူးလား. . . (ဟောခဲ့ပါတယ်ဘုရား) သမ္မာမဂ္ဂလမ်းကကိုယ့်အသေကိုယ်သိတာ. . . (မှန်ပါဘုရား)

အဲဒီတော့ သမ္မာမဂ္ဂလမ်း၊ မိစ္ဆာမဂ္ဂလမ်းရယ်လို့ ဟောတယ်၊ အဲဒါတွေ ဝေဖန်ကြည့်တော့မှ ဒကာဒကာမတို့ ကိုယ့်အသေ ကိုယ်မသိတဲ့အချိန်များနေလို့ရှိရင် ဩော်. . . ငါသည်စုံလုံးကန်း လမ်းသွားနေပါပေါ့လား. . . (မှန်ပါ) ငြင်းစရာလိုသေးလား. . . (မလိုပါဘုရား) ဒါကြောင့် ကိုယ့် အသေကိုယ်သိတဲ့အလုပ်ဟာ ဘာခေါ်ကြမယ်. . . (ဝိပဿ နာပါဘုရား)။

ဒါဖြင့် မူလစကားလေး ပျောက်သွားရော့မယ် ဒကာ ဒကာမတို့ ဝိပဿနာရှေ့ထားရမယ်နော်. . . (မှန်ပါ) နိုးတဲ့ စိတ်ကလေးရှိမရှိ ရှုလိုက်စမ်းဒကာကြွယ်. . . (မရှိပါဘုရား) မရှိတာအနိစ္စ၊ သိတာက. . . (မဂ္ဂပါ) မရှိတာကိုသိတာဘာ ခေါ်မယ်၊ ဝိပဿနာ. . . (မှန်ပါဘုရား)။

မရှိတာသိတာက. . . (ဝိပဿနာပါ) ဒီလိုနိုးတဲ့စိတ်ကိုလဲသိရမယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ဟောထားတော့ "သယာနော ဝါသယာနောမိတိပဇာနာတိ" ကိုးဗျ. . . (မှန်ပါ့) အိပ်တယ်ဆိုရင် အိပ်တယ်လို့သိရမယ်၊ နိုးတယ်ဆိုရင် (နိုးတယ်လို့သိရပါမယ်ဘုရား) အဲဒီကဲ့သို့ သိတဲ့စိတ်ကလေးနဲ့ဆိုတော့ ကိုယ့်အသေကိုယ်သိတာ. . . (မှန်ပါ့)။

စိတ်တစ်ခုနဲ့ အသက်ရှင်တယ်ဆိုတော့ အရင်စိတ်က သေ နောက်စိတ်ကသိ၊ သဘောကျပလား. . . (ကျပါပြီဘုရား) အဲဒီနောက်စိတ်သေပြန်တော့ နောက်တတိယစိတ်ကသိဆိုတော့ ကိုယ့်အသေကိုယ်သိမသွားပေဘူးလား. . . (သိသွားပါတယ်ဘုရား)။

## ဘဝတွေဝိထိတွေဘယ်လောက်ခြားခြား

အဲဒါ ဘဝတွေ ဝိထိတွေ ဘယ်လောက်ခြားခြား သတိပဋ္ဌာန်က ကိစ္စမရှိဘူး၊ ကြားထဲ ကိလေသာမခြားဘဲနဲ့ သိရင်ပြီးတာပဲ. . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား) ဒါဖြင့် ဒကာဒကာမတို့ ဒီနေ့တရားမှာ နှစ်လုံးတည်းဟောနေတာမှ အိမ်ပြန်မပါလို့ရှိရင် ကိုယ်ကျိုးနည်းကြလိမ့်မယ်. . . (မှန်ပါ့) မနည်းကြပေဘူးလား. . . (နည်းပါတယ်ဘုရား)။

ကိုယ့်အသေကိုယ်သိတာ . . . (ဝိပဿနာပါဘုရား) ကိုယ့်အသေကိုယ်မသိတာ. . . (ပဋိစ္စသမုပ္ပါဒ်ဆက်တာပါ ဘုရား) ဒါလိုရင်းတော်တော်ဆိုက်တယ်နော်. . . (မှန်ပါ့) ဒကာကြွယ် အကုန်မပြီးသေးဘူးလား (ပြီးပါတယ်ဘုရား) ဝိပဿနာဉာဏ်မှာ အကုန်မပြီးသေးတဲ့သဘောကို ပြောနေ တယ်နော်. . . (မှန်ပါ့) ကိုယ့်အသေကိုယ်မသိတိုင်း မသိ တိုင်း သံသရာလည်နေတာ(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်. . . (ကိုယ့်အသေ ကိုယ်သိ တိုင်း ဝိပဿနာလုပ်နေတာပါဘုရား) မသိတိုင်း မသိတိုင်း သံသရာလည်နေတာပါ ဒကာကြွယ်ရေ၊ ဒါဖြင့် ဝိပဿနာ သမားနဲ့ မလုပ်တဲ့လူနဲ့ဟာ ဝိပဿနာလုပ်တဲ့သူကတော့ဖြင့် ကိုယ့်အသေ ကိုယ်မြင်တာကိုးဗျ (မှန်ပါ့) ဝိပဿနာမလုပ်တဲ့ ပုဂ္ဂိုလ်က ကိုယ့်အသေကိုယ်မမြင်တော့ အဝိဇ္ဇာပစ္စယာသင်္ခါ ရာဆိုတဲ့ စုံလုံးကန်းဖြစ်မသွားဘူးလား. . . (ဖြစ်သွားပါတယ် ဘုရား)

## ကိုယ့်ကိုယ်ကိုယ်စစ်ဆေးကြည့်ပါ

အဲ. . . ကိုယ့်ကိုယ်ကိုယ် စစ်ဆေးကြည့်တာပေါ့၊ ငါ စုံလုံးကန်းချိန် ဘယ်လောက်တုံး၊ မြင်တဲ့အချိန် ဘယ် လောက်တုံး. . . (မှန်ပါ့) တွေးကြည့်လိုက်ရင်သိပြီ၊ မသိ

သေးဘူးလား. . . (သိပါပြီဘုရား) စုံလုံးကန်းတဲ့အချိန်က ဘယ်လောက်တုံး၊ မြင်တဲ့အချိန်က ဘယ်လောက်တုံး . . . မချိန်တတ်ဘူးလား. . . (ချိန်တတ်ပါတယ်ဘုရား)။

အဲဒီတော့ စုံလုံးကန်းချိန်မှာတော့ ခလုတ်တွေ ကျင်းတွေ ကန်သင်းတွေဆိုတဲ့ သင်္ခါရအလုပ်တွေ လုပ်ချင်တာ လုပ်လိမ့်မယ် (မှန်ပါ့) မြင်တဲ့အခါကျတော့ ခုနင်က တဏှာဥပါဒါန် ကံတွေမသေဘူလား . . . (သေပါတယ် ဘုရား)။

ဒါဖြင့်ရနိုင်တဲ့ အချိန်ဟာ နည်းပြီးတော့ ရန်သူပွားတဲ့ အချိန်က များခဲ့သော် ကိုယ်ကျိုးနည်းကြလိမ့်မည်. . . (မှန်လှ ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ပြောရ တယ် . . . ဒကာဒကာမတွေကလဲ ဩော်. . . ဘုန်းကြီး တရားနာရပြီ ဆိုမှဖြင့် တပည့်တော်များမှာ စုံလုံးကန်းအချိန် ကို ယနေ့ တပည့်တော်တို့ ထူးထူးခြားခြား သိလာတယ်. . . (မှန်ပါ့) မသိကြဘူးလား. . . (သိပါတယ်ဘုရား)။

ကိုယ့်အသေ ကိုယ်မမြင်တိုင်း ဘာအချိန်ဘာ လိမ့်. . . စုံလုံးကန်း အချိန်ဆိုတာ ရိပ်မိပလား(ရိပ်မိပါပြီ ဘုရား)။

အဲဒီ စုံလုံးကန်းအချိန်ဆိုတာကတော့ တခြားကြောင့် ပြောတာ မဟုတ်ပါဘူးတဲ့၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ-အဝိဇ္ဇာ ဆိုတာ မသိတာ စုံလုံးကန်း-(မှန်ပါ့) သင်္ခါရဆိုတာ ပြုတာ (မှန်ပါ့) ပြုတာဟာအကောင်း ပြုတာလား၊ အဆိုးပြုသလား ဆိုတော့ အို-အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရပဲ ဒကာသစ်ရာ အဆိုးပြု တာတွေပေါ့-(မှန်ပါ့)သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတော့ ဒုက္ခသစ္စာကြီး ပေါ်မလာဘူးလား . . . (ပေါ်လာ ပါတယ်) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲ-ဒုက္ခရောက်တဲ့ဘက် ပြေးပြေးမသွားဘူးလား . . . (သွားပါတယ်) ဒါကြောင့် ဒကာကြွယ်တို့၊ ဦးလှဘူးတို့ မျက်စိနှစ်ကွင်းအလင်းရတဲ့ အချိန်ကလေးလဲ၊ ကိုယ့်အသေ ကိုယ်မြင်တဲ့ အချိန်ကလေးပဲ ဒကာဒကာမတို့၊ ဘုရားတစ်ဆူ တစ်ဆူပွင့်မှ ဝိပဿနာကပေါ်လာတာနော်. . . (မှန်ပါ့) ဒီ အထဲ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ စုံလုံးကန်းနေတဲ့ အချိန်တွေ နှုတ်မယ်ဆိုလို့ရှိရင်၊ အားလုံး ဒကာဒကာမတွေ ဘာကျန်သေးတုံး. . . (မကျန်ပါဘုရား)ကန်းချိန်နဲ့ မြင်ချိန် ဘယ်အချိန်က များသတုံး. . . (ကန်းချိန်ကများပါတယ် ဘုရား)။

## စုံလုံးကန်းနဲ့မြင်ချိန်ဘယ်ဟာကများသတုံး

ခက်လိုက်တာ ခက်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ . . . ဒကာဒကာမတို့ မြည်တယ်၊ တွန်တယ်လဲ အောက်မေ့မနေပါနဲ့တော့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချတော့. . . (မှန်ပါ့) စုံလုံးကန်း အချိန်နဲ့မြင်ချိန်ဘယ်ဟာများသတုံး . . . (စုံလုံးကန်းချိန်များပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဖွင့်လျှောက်တာပဲ မရှက်လို့ဘဲ . . . (မှန်ပါ့) မရှက်လို့ဘဲလျှောက်တဲ့ အစိပ္ပာယ်ရောက်နေပြီ . . . (မှန်ပါ့) သဘောပါကြပလား. . . (ပါ-ပါပြီဘုရား) ဟုတ်နေတော့လဲ ဒါမှန်တယ်လို့ ဆုံးဖြတ်ချက်ချရမယ် . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဆရာဘုန်းကြီးကို လေးစားသောအားဖြင့်လည်းကောင်း၊ ကိုယ့်စုံလုံးကန်း၊ ချောက်တွေကျင်းတွေကျပြီး သေမှာကို၊ သေခြင်းဆိုးသေမှာတွေကို စိုးရိမ်သောကြောင့်လည်းကောင်း၊ ကိုယ့်ကိုယ် သနားသောအားဖြင့်ပေါ့ဗျာ. . . (မှန်ပါ့)ဒကာဒကာမတွေ ကိုယ့်အသေကိုယ်မြင်တဲ့အလုပ်ဖြင့်ကြိုးစားပါလို့ တိုက်တွန်းရတယ်. . . (မှန်ပါ့)မတိုက်တွန်းသင့်ဘူးလား. . . (တိုက်တွန်းသင့်ပါတယ်ဘုရား)။

အေး. . . ဒါကြောင့် ဒီလိုတိုက်တွန်းမည့် ဥစ္စာကလဲ ဒကာကြွယ် အကြောင်းပြုပြီး တိုက်တွန်းရတာ မလွယ်ဘူး

နော်. . . (မှန်ပါ့) ကိုင်း. . . ဒကာဒကာမတို့ နိုးတဲ့စိတ်က လေးကို ရှိ-မရှိတွေးတယ်ဆိုတော့ ဘယ့်နှယ်တုံး နိုးတဲ့စိတ် ကလေးဟာ. . . (မရှိပါဘုရား) မရှိတာက. . . (အနိစ္စပါ) သိတာက. . . (မဂ္ဂပါဘုရား)။

ဒါဖြင့် ကိုယ့်အသေကိုယ်သိတာ. . . (ဝိပဿနာပါ) ဟောဒီအထဲဝင်သွားတာပဲ. . . (မှန်ပါ့) နိုးတာမှ နိုးမှန်းမသိ၊ နိုးပြီးသကာလ ဒကာဒကာမတွေ ကျင်ငယ်အိမ် သွားရဦး မယ်ဆိုတော့ နိုးတဲ့ရုပ်နာမ်သဘော သိသေးရဲ့လား. . . (မ သိပါဘုရား) မသိတော့ သူသည်ကားလို့ဆိုရင် မသိသွား၊ သွားပြန်ပြီ. . . (မှန်ပါ့) စုံလုံးကန်းသွားပြီလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်အသေကိုယ်မသိတာ. . . (အဝိဇ္ဇာပစ္စ ယာသင်္ခါရာပါ) အဝိဇ္ဇာပစ္စယာသင်္ခါရာ စုံလုံးကန်းလမ်း သွားတာ . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား) မနာဘူးလား (နာပါတယ်ဘုရား)။

## နောက်ကိုမဲ့မှာစိုးလွန်းလို့

ဒကာဒကာမတို့ ခင်ဗျားတို့ ဘုန်းကြီးအရင်းအချာဆို တော့ ပြောရတယ်(မှန်ပါ့) ဘယ်လိုပြောသတုံးဆိုတော့

ခင်ဗျားတို့ အခုပြုံးသလောက် နောက်ကိုမဲ့မှာစိုးလွန်းလို့နော် (မှန်ပါ့) မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်ဘုရား)။

အခု ပြုံးတာဟာ ဒကာဒကာမတို့ မချိသွားဖြဲကိုးဗျ . . . (မှန်ပါ့) ပြုံးလို့ကော အရသာရှိတာကလေး သိပါရဲ့လား (မသိပါဘုရား) နောက်အပါယ်ငရဲရောက်လို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံများပေါ်ပေါက်လာတော့မယ့် အချိန်နဲ့ မျက်ရည်ကျချိန်တဲ့ ကယ်ပါယူပါ တစာစာ အော်ချိန်ပဲရှိ တော့တယ်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် အခုအပြုံးကလေး အကုန်လျှော့ပြီးသကာလ အခု ဣန္ဒြေရရနဲ့ ကိုယ့်အသေ ကိုယ်ကြည့်တဲ့အလုပ်ကို လုပ်ပါ၊ ဝိပဿနာဉာဏ်၊ ရှေ့ထားပါဆိုတာ လေးနက်စွာနဲ့ တိုက်တွန်းတယ်. . . (မှန်ပါ့)မတိုက်တွန်းသင့်ဘူးလား. . . (တိုက်တွန်းသင့်ပါတယ်ဘုရား)

ကိုင်း. . . ဒါဖြင့် နိုးပြီးသကာလ ဒကာဒကာမတွေက ကျင်ငယ်စွန့်ချင်တယ်၊ ကျင်ငယ်စွန့်ချင်တဲ့ စိတ်ကလေးကို ပဲ ဒကာဒကာမတွေ နောက်ကစိတ်နဲ့ပြန်ကြည့်လိုက်စမ်းပါ၊ စွန့်ချင်တဲ့စိတ်ကလေးဟာ ရှိသေးရဲ့လား. . . (မရှိပါဘုရား) မရှိတာက(အနိစ္စပါ)သိတာက-(မဂ္ဂပါ) ဒါဖြင့် ကိုယ့်အသေကိုယ်သိတာ. . . (ဝိပဿနာပါဘုရား)။

ဒီအတိုင်း ရှိုးရှိုးကလေး ထသွားတဲ့ပုဂ္ဂိုလ်တော့ ကိုယ့်အသေကိုယ်မသိတာ. . . (ပဋိစ္စသမုပ္ပါဒ် ဆက်တာပါ) အဝိဇ္ဇာပစ္စယာသင်္ခါရာ(ဝါ)စုံလုံးကန်း လမ်းသွားတာ (မှန်ပါ့) မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဣရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗဆိုတာတွေ၏ ကိုယ့်အသေကိုယ်ကြည့်ခိုင်းနေတာ. . . (မှန်ပါ့)ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဝိပဿနာဉာဏ်၊ ဒကာဒကာမတွေ ရှေ့စိတ်ကို နောက်စိတ်နဲ့သာ ဝေဖန်ပြီးသကာလ သိကြပါတော့ဆိုတာ ဝိပဿနာမှတ်လိုက်တာပေါ့. . . (မှန်ပါ့ဘုရား)။

ထိုင်ချင်တဲ့စိတ်လာလဲ ထိုင်ချင်တဲ့စိတ်ဖြစ်ပျက်ရှု (မှန်ပါ့) ထချင်တဲ့စိတ်လာရင်ကော-(ထချင်တဲ့စိတ်ဖြစ်ပျက်ရှုရပါမယ်) သွားချင်တဲ့စိတ်လာရင်ကော. . . (သွားချင်တဲ့စိတ်ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီတော့ ထိုင်တဲ့စိတ်သည် အသေပဲ. . . (မှန်ပါ့) သိတာသည် ဝိပဿနာပဲ. . . (မှန်ပါ့)ရှိ-မရှိကြည့်လိုက်တော့ အသေကို အရှင်ကကြည့်တာပဲ. . . (မှန်ပါ့)သဘောပါကြရဲ့လား. . . (ပါ-ပါတယ်) ဘာကိုကြည့်တာပါလိမ့်. . . (အသေကို အရှင်ကကြည့်တာပါ) အသေကို အရှင်ကကြည့်တာဆိုတော့ ကောင်းကောင်းပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဪ. . . ဒါဖြင့် ဝိပဿနာဆိုတာ အသေကို အရှုခိုင်းတာ-(မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီ) ဒါကြောင့် အနိစ္စဆိုတာလဲ ဖြစ်ပြီးပျက်တာပဲ. . . (မှန်ပါ့) အသုဘဆိုတာလဲ သေသွားတာပဲ-(မှန်ပါ့)ဒုက္ခသစ္စာဆိုတာလဲ ဒုက္ခရောက်သွားတာပဲ-(မှန်လှပါ)ဒုက္ခသစ္စာဆိုတာလဲ ဒကာဒကာမတို့ ဒုက္ခသစ္စာအပါအဝင်ပဲ. . . (မှန်ပါ့) သူနဲ့ သဟဇာတဖြစ်တဲ့ ရုပ်တွေရော. . . (သေပါတယ်ဘုရား) ရောသေတော့ တစ်ခုသေရင်အကုန်သေတာပဲဆိုတာ မှတ်ထားလိုက်ပေါ့. . . (မှန်ပါ့)သဘောပါကြပလား. . . . (ပါပါပြီဘုရား)။

အဲဒီ ဘုန်းကြီးတို့ ဒကာဒကာမတွေကိုယ့်အသေ ကိုယ်မြင်တော့ ခန္ဓာငါးပါး ခဏခဏပြောင်းလွဲတာ မမြင်ရဘူးလား. . . (မြင်ရပါတယ်ဘုရား)။

## ဘယ်လိုမြင်တာမှ ကောင်းသတုံး

မြင်တဲ့အခါကျတော့ ဘုန်းကြီးက အားလုံးတရားနာကြတဲ့ ဒကာ ဒကာမတွေကို ကြည့်နည်းကလေး ပေးချင်တယ်. . . . (မှန်ပါ့)၊ ဘယ်လိုမြင်တာမှ ကောင်းသတုံးဘုရား၊ ကိုယ့်အသေ ကိုယ်မြင်တာ ကြောက်လုံးနဲ့မမြင်နဲ့. . . (မှန်ပါ့)၊ ကြောက်လုံးနဲ့လည်း မကြည့်နဲ့. . . (မှန်ပါ့)၊ ဪ

ဒီဥစ္စာ အရင်သေသွားတဲ့ဥစ္စာ၊ သေသွားတာကသူစိမ်း သူစိမ်း သဘောနဲ့ မြင်နေရမယ်. . . (မှန်ပါဘုရား)။

ဘယ်လိုမြင်ရမတုံး. . . (သူစိမ်းသဘောနဲ့ မြင်ရပါ့မယ်)၊ သူစိမ်းသဘောနဲ့မြင်မှ ပရတောဆိုတာ သွားပြီးကိုက်တယ်. . . (မှန်ပါ့ဘုရား)။

ဩော်. . . သူစိမ်းသဘောပဲ၊ မသေပါနဲ့ဆိုလို့လည်း မရဘူး၊ ဒီခန္ဓာငါးပါးသည်ကားဆိုလို့ရှိရင် မသေပါနဲ့ဆိုလို့လည်း မရဘူး၊ နေပါဆိုလို့လည်း နေတာမဟုတ်ဘူး၊ သူပေါ်ရင် ပေါ်လာတာပဲ၊ သူပျက်ချင် ပျက်သွားတာပဲလို့ သူစိမ်းသဘောနဲ့ ခုနင်က ကိုယ့်အသေ ကိုယ်ကြည့်နေစမ်း. . . (မှန်ပါ့)၊ ငါသေလို့ ဝမ်းနည်းမနေလိုက်ပါနဲ့. . . (မှန်ပါ့)၊ သူစိမ်းသဘောနဲ့ကြည့်ပြီးနေလိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

ဘယ်လိုကြည့်ရမလဲ. . . (သူစိမ်းသဘောနဲ့ကြည့်ပြီး နေရပါမယ်)၊ သူစိမ်းသဘောနဲ့ကြည့်နေတော့ ဩော်. . သေလိုက်တာ၊ ဩော်. . သေလိုက်တာ၊ ဩော်. . သေလိုက်တာလို့ ကိုယ့်အသေတွေ ကိုယ်မြင်နေတော့ သူစိမ်းသဘောတွေချည်း ကြည့်နေတော့ ကြောက်ခြင်းလည်းမရှိဘူး၊ လန့်ခြင်းကော. . . (မရှိပါဘုရား)။

သူစိမ်းသဘောနဲ့ဆိုတော့ တုန်လှုပ်တဲ့သဘောရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ သူမရှိတော့ ဒီဥစ္စာ ပရတောဆိုတဲ့ အနတ္တသဘောမြင်တယ်. . . (မှန်ပါ့ဘုရား)။

## သူ့စိမ်းမြင် မြင်အောင်ကြည့်ပါ

ဒါဖြင့် မြင်တဲ့အခါမှာလည်း သူစိမ်းမြင် မြင်အောင် ကြည့်ပါ. . . (မှန်လှပါဘုရား)၊ အားလုံး တရားတစ်ပွဲလုံး ဒကာ ဒကာမတို့မြင်တဲ့အခါ ဘယ်လိုအမြင်နဲ့ မြင်ရမယ်. . . (သူစိမ်းအမြင်နဲ့ မြင်ရပါ့မယ်ဘုရား)။

ဩော်. . . သူစိမ်းသဘောပဲ၊ ဒီနေရာမွေး ဒီနေရာ သေရှာတယ်. . . (မှန်ပါ့)၊ ဒီနေရာမွေး ဒီနေရာ သေရှာတာ ပါကလားလို့ ရှင်တဲ့ဉာဏ်က ကြည့်ပေးလိုက်စမ်းပါ(မှန်ပါ့)၊ ကြည့်ဖန်များပြီဆိုမှဖြင့် သူစိမ်းသဘော၊ သူ့ဟာသူဖြစ် ကြောင်း တိုက်ဆိုင်လို့ဖြစ်ပြီး ချုပ်ငြိမ်းရုပ်သိမ်းသွားတာပဲဆို တာ ကြည့်ပေးလိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ကြည့်ပေးတော့ ဝိပဿနာဝိဉာဏ် ရင့်လာပါလိမ့်မယ်. . . (မှန်ပါ့)၊ ရင့်လာတဲ့အခါကျတော့ သူစိမ်းနဲ့မပေါင်းချင်တာ လာမလား မလာဘူးလား. . . (လာ ပါတယ်)၊ သူစိမ်းနဲ့မပေါင်းချင်ဆိုတာ လာရတော့မယ် ဒကာ ဒကာမတို့. . . (မှန်ပါ့ဘုရား)။

ဘာလာမယ်ထင်ကြသလဲ. . . (သူစိမ်းနဲ့ မပေါင်း ချင်တာ လာကြရပါ့မယ်)၊ သူစိမ်းနဲ့မပေါင်းချင်တာ၊ သူစိမ်း နဲ့အတူတူမနေချင်တာဆိုတာ မလာပေဘူးလား. . . (လာပါ တယ်ဘုရား)။

အဲဒီကဲ့သို့ လာတဲ့အခါကျလို့ရှိရင် မနေချင်ဘူး၊ မပေါင်းချင်ဘူးဆိုတော့ ဒကာ ဒကာမတွေ သန္တာန်ဝမ်းထဲ ကိန်းနေတဲ့ အနုသယတဏှာပါးသွားတယ်. . . (ပါးပါတယ် ဘုရား)၊ ဒါ ငါ့ဟာမဟုတ်ဘူးဆိုတာလည်း သိထားပြီ၊ သူစိမ်း မှန်းသိသွားပြီ. . . (မှန်ပါ့)၊ အဲဒီမှာ ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်သွား တယ်. . . (မှန်ပါ့ဘုရား)။

သူစိမ်းနဲ့မပေါင်းချင်ဘူးလို့ အစစ်သာလာလို့ရှိရင် ဒီ သူစိမ်းတွေတည်းဟူသော ဖြစ်ပျက်ဟာ ဒကာကြွယ် ဘယ် တော့မှ မလာတော့ဘူး. . . (မှန်လှပါဘုရား)၊ မလာတော့ အသေမလွတ်သွားဘူးလား. . . (လွတ်သွားပါတယ်)၊ ဘယ်သူ့အသေတွေ လွတ်ပါလိမ့်. . . (ကိုယ့်အသေတွေ လွတ်ပါတယ်ဘုရား)။

## မသေရာအမှန်ပြည်နိဗ္ဗာန်

အဲ. . . မိမိအသေတွေလွတ်သွားတော့ မသေရာ အမှန်ပြည်နိဗ္ဗာန်ဆို ကိုယ့်အသေကိုယ်မမြင်ရတော့ဘူး. . . (မှန်လှပါ) ကိုယ့်အသေမရှိတာကနိဗ္ဗာန်၊ မရှိဘူးလို့မြင်မိ တာက မဂ်ဉာဏ်(မှန်ပါ့ဘုရား)။

ကိုယ့်အသေမရှိတာက (နိဗ္ဗာန်ပါ) မရှိဘူးလို့ သိတာက (မဂ်ဉာဏ်ပါဘုရား)အဲမဂ်ဉာဏ် ဖိုလ်ဉာဏ်ပစ္စ

ဝေကွဏာဉာဏ်ဆိုတာမြင်နိုင်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတာ ဝိပဿနာ. . . (မှန်ပါ့) ကိုယ်အသေမရှိတာကို မရှိဘူးလို့ သိတာကမဂ်ဉာဏ် (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)

ဒါဖြင့် ဒကာဒကာမတို့ ဒီတရားမှာ သုံးချက်မှတ်ရမှာ ပေါ့. . . (မှန်ပါ့)၊ ကိုယ့်အသေကိုယ်သိတာက. . . (ဝိပဿနာပါ)၊ ကိုယ့်အသေကိုယ်မသိတာက. . . (အဝိဇ္ဇာပစ္စယာသင်္ခါရာပါ)၊ ကိုယ့်အသေမရှိတာကို သိတာက. . . (မဂ်ဉာဏ်ပါ)၊ အဲဒီလို သုံးခုရောက်တော့မှ ဩော်. . . သံသရာခရီးသည်လမ်းက တစ်မျိုးပါလား. . . . ။

သံသရာစခန်းသတ်တဲ့ပုဂ္ဂိုလ်တို့၏အမြင်က တစ်မျိုးပါလားဆိုတဲ့ဥစ္စာ ထူးထူးခြားခြားကြီး မလာသေးဘူးလား. . (လာပါတယ်ဘုရား)။

## သုသိမ ပရိဗိုဇ်

ထူးထူးခြားခြား လာတော့မှ ပါဠိတော်လာဝတ္ထုကူးချင်တယ်. . . (မှန်ပါ့)၊ သုသိမ ပရိဗိုဇ်က ဒကာ ဒကာမတို့ ဘယ်လိုဖြစ်လာမတုံးဆိုတော့ သူက တိတ္ထိကိုးဗျ၊ ပရိဗိုဇ်ဆိုတော့နော်. . . (မှန်ပါ့ဘုရား)။

ပရိဗိုဇ်ပေမဲ့လည်း သူက ဉာဏ်ကောင်းတဲ့ပရိဗိုဇ်. . (မှန်ပါ့)၊ ဘုရားပွင့်လာတဲ့အခါမှာ တိတ္ထိတွေဟာ၊ နေထွက်

လာတဲ့အခါ ပိုးစုန်းကြူးတွေဟာ အရောင်မထွက်နိုင်သလို၊ တိတ္ထိတွေ နဂိုရ်က ဘုရားလုပ်ပြီး နေကြတော့လာဘ်သပ်ပကာတွေ အင်မတန်ပေါ၊ ကျောင်းကန်တွေ အင်မတန်ပေါပေါ့ဗျာ. . . (မှန်ပါ့)၊ ဘုရားလည်းပွင့်လာပါရော နေကြီးထွက်တော့ ပိုးစုန်းကြူးတွေ ပျောက်ရသလို လာဘ်သပ်ပကာတွေနည်း၊ ကျောင်းကန်တွေ ဆောက်မည့်သူမရှိ၊ အဝတ်သင်္ကန်းမှ လှူဒါန်းပေးကမ်းမည့်သူ မရှိလောက်အောင်ဖြစ်တော့ တိတ္ထိတွေကလည်း စည်းဝေးကြတယ်။ ဩဘ်-ဂေါတမဘုရားပွင့်ထွန်းပေါ်လာကတည်းက ဒို့မှာဖြင့် ပိုးစုန်းကြူးပမာ အရောင်တွေဖြင့် ငုတ်လျှိုးသွားပြီးသကာလပျောက်ကွယ်မတတ်ဖြစ်ကုန်ပြီ. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒို့လည်း သူတို့တရားဟောဖို့ရာလည်း ဒို့မှာ အမြင်စွမ်းရည်သတ္တိကမရှိ၊ အဲဒီတော့ ဒို့လည်း ဉာဏ်ပညာကောင်းတစ်ယောက်ရှာပြီး ခေါ်မှဆိုတော့ သုသိမပရိဗိုဇ်ကို သွားတွေ့တယ်. . . (မှန်ပါ့ဘုရား)။

သုသိမပရိဗိုဇ်ကို သွားခေါ် ချေဆိုပြီးလာတဲ့အခါကျတော့၊ ဩသိမ-ဒို့တိတ္ထိတွေမှာ အခု ဒုက္ခအကြီးအကျယ်ရောက်ကုန်ပြီကွ၊ မင်းမှမကယ်လို့ရှိရင်လည်း ကယ်မည့်သူမရှိတော့ဘူးကွ၊ မင်းက ဉာဏ်ကောင်းတယ်၊ အဲဒါကြောင့်မင်းကို ဒို့ကပဲ အဆိုသွင်း ထောက်ခံပါတယ်ကွာ၊ ဂေါတမဘုရားဆီသွားပြီး သင်္ကန်းဝတ်တော့၊ ဂေါတမဘုရားက

ဟောလုံး ပြောလုံးတွေ အကုန်နည်းယူခဲ့ဟော့၊ ပြီးတော့ မင်း ဒို့ကိုလာပြီး သင်ပါ၊ ဒို့က ဒို့တရားနဲ့ ဂေါတမဘုရားတရား နဲ့ရောပြီး ဟောလို့ရှိရင် နည်းနှစ်မျိုးတောင် ဖြစ်နေတယ်၊ အဲဒီတော့ ဒို့မှာ လာဘ်သပ်ပကာပေါ်မှာပေါ့ဆိုပြီး သုသိမက ဒါနဲ့ သူတို့ဂိုဏ်းကောင်းစားရေးဖြစ်နေတော့ ကိုင်း- တာဝန် ယူပါ့မယ်တဲ့. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘာကောင်းစားရေးတဲ့တုံး. . . (ဂိုဏ်းကောင်းစားရေးပါ)၊ တိတ္ထိဂိုဏ်ကြီး ကောင်းစားရေးပေါ့ ဗျာ. . . (မှန်ပါ့ဘုရား)။

ဒါနဲ့ သူတို့ဂိုဏ်းဂဏ ကောင်းစားရေး သူတို့အမျိုး သား ကောင်းစားရေးနဲ့ သူက တာဝန်ယူပြီး ဘုရားထံသွား မလို့ စိတ်ကူးလိုက်တဲ့အခါ ဘယ်သူ့ထံ အရင်ကပ်ရပါမတုံး၊ အဝင်ကောင်းမှ နေရာကျမယ်၊ မတော်နှင်ထုတ်ရင်ဖြင့် ခက် နေမယ်၊ ရှင်သာရိပုတ္တရာဆီလည်းသွားလို့မတော်ဘူး၊ ရှင်မောဂ္ဂလာန်ဆီလည်း သွားလို့မတော်ဘူး၊ ရှင်အာနန္ဒာဆီ သွားမှ တော်မယ်၊ သူ့ဆီသွားကပ်ရလို့ရှိရင် ဘုရားဆီကို အမြန်ရောက်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်ဆိုပြီး ရှင်အာနန္ဒာဆီ သွားကပ်ပါတယ်။

ရှင်အာနန္ဒာ ကျုပ်တိတ္ထိသာသနာမှာ မပျော်ပါဘူး၊ ရှင်အာနန္ဒာတို့သာသနာပဲ ကြည်ညိုတယ်၊ ဘုရားအဆုံးအမ ပဲ ကျင့်လိုပါတယ်၊ ဒါကြောင့် သက်န်းဝတ်ချင်ပါတယ်ဘုရား၊

ဘုရားကို အရှင်အာနန္ဒာ လျှောက်ပေးစမ်းပါ ဆိုတော့ ရှင်အာနန္ဒာက အကဲခတ်မိတယ်၊ သုသိမဟာ တိတ္ထိမှာ ခေါင်းဆောင်၊ ခေါင်းဆောင်ကနေပြီး ဒီသာသနာတော် ကြည်ညိုပါတယ်ဆိုတဲ့ဥစ္စာ ရိုးမှရိုးရဲ့လား၊ အသိဉာဏ်လည်း မရတော့ မသိဘူးပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

## တရားခိုးယူမလို့ လာတာ

ဒါနဲ့ သက်န်းဝတ်ပေးမယ်၊ မပေးဘူလို့ သူက တာဝန်မခံဘူး၊ ဘုရားကမှ သိမှာပဲ၊ အဲဒီတော့ ဘုရားဆီပို့မှပဲ ဆိုပြီး သုသိမနဲ့ ရှင်အာနန္ဒာ ဘုရားဆီသွားကြတယ်. . . (မှန်ပါ့ဘုရား)။

ဘုရားဆီကျတော့ ရှင်အာနန္ဒာက လျှောက်တယ်၊ သုသိမပရိဗိုဇ်က ဘုရားတပည့်တော်တို့ သာသနာကြည်ညိုလွန်းလို့၊ ဒီသာသနာကြီးထဲမှာ ရဟန်းပြုပြီးသကာလ၊ တရားဓမ္မတွေ ကျင့်ချင် ကြံချင်ပါသတဲ့လို့ လျှောက်တော့ ဘုရားက ကြည့်လိုက်တယ်၊ ဩော်- သုသိမ လာတာ ရည်ရွယ်ချက်ကောင်းနဲ့တော့ လာတာမဟုတ်ဘူး၊ စိတ်ကောင်းပါရဲ့လား. (မပါ ပါဘုရား)၊ ဘယ်ပါမလဲ ဒကာ ဒကာမတို့ တရားခိုးယူမလို့ လာတာပဲ... . (မှန်ပါ့)၊ တရားခိုးယူရန် လာရတာဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

သို့သော်လည်း တရားနည်းခိုးရင်းနဲ့ သူ ရဟန္တာဖြစ် လိမ့်မယ်လို့ မြင်တော်မူတယ်. . . (မှန်ပါ့)၊ အံမာ သူခိုးပုံက ပေမယ့်နေရာအကျကြီးဗျ. . . (မှန်ပါ့)၊ ခိုးရင်းနဲ့ဘာဖြစ်မှာပါ လိမ့်. . . (ရဟန္တာဖြစ်မှာပါဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အာနန္ဒာ သုသိမ ရေချိုးပြီး ရဟန်းခံပေးလိုက်လို့ အမိန့်ပေး တော့ သုသိမတော့ ကျေနပ်ပြီ၊ ငါတော့ တရားခိုးခွင့်ရပြီ ပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

## ရဟန္တာဖြစ်မယ်လို့ သိတော်မူတယ်

သူကလည်း အင်မတန်ကျေနပ်နေတယ်၊ ကျေနပ် ပေမဲ့ ဘုရားက နှစ်ဖက်သိတယ်၊ ကိုယ်ကတော့ ခိုးဖို့ရာ ကလေးအကြောင်းညီညွတ်တာသာ သိတယ်. . . (မှန်ပါ့)၊ ဘုရားကတော့ ခိုးရင်းမတ္တနဲ့ သူဘာဖြစ်မယ်လို့သိသလဲ. . . (ရဟန္တာဖြစ်မယ်လို့ သိပါတယ်ဘုရား)၊ အဲ- ရဟန္တာဖြစ်မယ် ဆိုတာ သိတော်မူတာနဲ့ ရှင်အာနန္ဒာကို ရဟန်းခံပေးလိုက် ကွာလို့ဆိုပြီး ရဟန်းခံပေးလိုက်တယ်. . . (မှန်ပါ့ဘုရား)။

ရဟန်းဖြစ်ပြီး တစ်ခါတည်း သူက တရားတွေ ခိုးယူ စုံထောက်လုပ်တော့တာပဲ. . . (မှန်ပါ့)၊ ဒါနဲ့ ဝါကျွတ်တဲ့အခါ ကျတော့ ရဟန်းတော်အချို့ ဘုရားဆီလာကြတယ်၊ ဩော်-

ဒီကိုယ်တော်တွေ တယ်ထူးတယ်၊ သူတို့နဲ့ မြှောင်ပြီး ဘုရား ဆီလိုက်မှပဲဆိုပြီး လိုက်သွားတယ်၊ ဒီရဟန်းတွေကလည်း တပည့်တော်ဘုရား ပဋိသန္ဓေနေမှုတော့၊ နောက်ကိုမရှိဘူး ဘုရား၊ ဝိသုတံ ဗြဟ္မစရိယံ ကျင့်စရာအလုပ်တွေလည်း အကုန်ကျင့်ပြီးပြီဘုရား၊ ဝိပဿနာရော၊ မဂ်ရော အကုန်ကျင့် ပြီးပြီ. . . (မှန်ပါ့)၊ ရဟန္တာတွေဖြစ်ပြီလို့ ပြောကြတာပေါ့ဗျာ (မှန်ပါ့)၊ ကတံကရဏီယံကတံ-ပြုဖွယ်ကိစ္စကို ကရဏီယံ ပြုပြီးပြီ. . . (မှန်ပါ့)၊ ပြုစရာတွေ တပည့်တော်တို့ အကုန် ပြုလုပ်ပြီးပြီဘုရား၊ နောက်လုပ်စရာတွေ မလိုတော့ဘူး. . . (မှန်ပါ့ဘုရား)။

ကျုပ်တို့ ပုထုဇဉ်တွေကတော့ ဒါလုပ်ပါဦးဟာ၊ သီလ လုပ်ဦးဟာ၊ ပြုစရာတွေ ရှိသေးသကိုးဗျ. . . (မှန်ပါ့)၊ သူတို့ မှာတော့ ရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)။

နာပရံ့က္ကတ္ထတ္တာယာတိ ပဇာနာတိ၊ မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက်လည်း တပည့်တော်တို့ လုပ်စရာ မရှိ တော့ပါဘူးလို့ ဘုရားလျှောက်တော့၊ ဘုရားက သာဓု-သာဓု လို့ အနုမောဒနာ ပြုတော်မူလိုက်တယ်. . . (မှန်ပါ့ဘုရား)။

## တရားခိုးတဲ့အလုပ်ခပြီ

သုသိမကကြားတယ်၊ ဘုရား သာဓုခေါ်တဲ့ တရား ဟာကတော့ ဒါ- ဆရာ့လက်ဆုပ်ပဲ၊ တော်တော်အရေးကြီးတဲ့ စကား၊ ဒီစကားတော့ မရရအောင်အစ်မှပဲ၊ ရှာမှပဲ. . .

(မှန်ပ့ါ)။ သူဒါပဲတွေးနေတာ တရားနာတာမဟုတ်ဘူး၊ ဒကာ ဒကာမတို့. . . တရားခိုးနေတာ. . . (မှန်ပ့ါဘုရား)။

ဒါနဲ့ ဘုရားက ဒီကိုယ်တော်တွေကို ကဲ-ကဲ မင်းတို့ ခရီးရောက်မဆိုက်ဖြစ်တယ်၊ အညောင်းအညာဖြေကြဦး သွားကြဦး၊ လာကြဦးဆိုပြီး၊ ဘုရားက ခွင့်ပြုလိုက်တဲ့အခါ ရဟန်းတွေ ဟိုကျောင်း ဒီကျောင်း ဝင်ကြ သွားကြတာပေ့ါ ဗျာ. . . (မှန်ပ့ါဘုရား)။

သုသိမက ဘုရားဆီလည်း မမေးချင်တော့ ဒီကိုယ်တော်တွေနောက် လိုက်မှပဲဆိုပြီး လိုက်သွားတယ်. . (မှန်ပ့ါ)၊ ဒီရဟန္တာတွေနောက်လိုက်သွားတယ်. . . (မှန်ပ့ါ)၊ ရဟန္တာနောက်လိုက်သွားပြီး၊ အရှင်ဘုရားတို့ ဘုရားဆီမှာ အရှင်ဘုရားတို့ လျှောက်တာ ဇာတိပဋိသန္ဓေနေမှုကုန်ပြီ၊ ဝုသိတံ ဗြဟ္မစရိယံ မြတ်သောအကျင့်တွေလည်း အကုန်ကျင့်ပြီးပြီ ဆိုတော့ အရှင်ဘုရားတို့ ကောင်းကင်ပျံနိုင်ရဲ့လားလို့ သွားမေးတယ်. . . (မှန်ပ့ါ)၊ ကန့်လန့်လုပ်ပြီး သွားမေးတယ်. . . (မှန်ပ့ါ)၊ မဂ်ဖိုလ်ရတိုင်း ကောင်းကင်ပျံနိုင်တာမဟုတ်ဘူးလို့ မှတ်လိုက်ပါ. . . (မှန်ပ့ါဘုရား)။

အဲဒီလမ်းက ဝိပဿနာသက်သက်နဲ့ တက်လာတာ (မှန်ပ့ါ)၊ ဝိပဿနာသက်သက်ဖြင့် မဂ်ဖိုလ်ရတဲ့ပုဂ္ဂိုလ်ဟာ ကောင်းကင်မပျံနိုင်ပါဘူး. . . (မှန်ပ့ါ)၊ နောက်မှ သီးသန့်

ပထမဈာန် အဘိညာဏ်တွေ အားထုတ်ယူရင်တော့ တက်ချင် တက်နိုင်တယ်. . . (မှန်ပါ့ဘုရား)။

အဲဒီလိုဖြစ်ပြီးသကာလနေတော့ သုသိမ ဒို့ကောင်း ကင်လည်း မပျံနိုင်ဘူးကွ၊ မြေလဲမလျှိုးနိုင်ဘူးကွ၊ ကိလေသာ ကုန်တာတော့ အမှန်ပဲ၊ ရဟန္တာဖြစ်တာတော့ အမှန်ပဲ. . . (မှန်ပါ့ဘုရား)၊ အို- အရှင်ဘုရားတို့ပြောတာ တယ်ရှုပ်သကို၊ ရဟန္တာဆိုရင် ကောင်းကင်ပျံ မြေလျှိုးရမယ်ကိုး. . . (မှန်ပါ့)၊ သူ ဒါလောက်မှတ်ထားတာ. . . (မှန်ပါ့)။

## မြေကြီးက တစ်ထွာမှမခွာနိုင်တဲ့ရဟန္တာတွေ

ဒီ ဒကာ ဒကာမတွေလည်း ဘယ်သူဟာ ရဟန္တာ ဆိုပေတဲ့ ကောင်းကင်ပျံမြေလျှိုးများ မှတ်မနေနဲ့နော်. . . (မှန်ပါ့)၊ မြေကြီးက တစ်ထွာမှမခွာနိုင်တဲ့ ရဟန္တာတွေက လည်း ပုံနေတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)၊ ဒါနဲ့ ဒီအတိုင်းပဲ သွားမေးတော့ အရှင်ဘုရားတို့ တပည့်တော်ကို သေသေချာချာဖြေစမ်းပါဘုရားတဲ့၊ ငါတို့ ဖြေရမှာတော့ကွာ. . .

"ပညာဝိမုတ္တာခေါ မယံ သုသိမ"

သုသိမ = သုသိမပရိဗိုဇ်၊ မယံ = ငါတို့သည်။ ပညာ ဝိမုတ္တာ=ဝိပဿနာပညာနဲ့ နိဗ္ဗာန်ရခဲ့ကြကုန်သည် (ဝါ) ကိ လေသာမှ လွတ်ခဲ့ကြကုန်သည်၊ ဟောန္တိ = ဖြစ်ကြကုန်၏။

ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နဲ့ ရဟန္တာဖြစ်လာတယ်၊ သမထမပါဘူးလို့ပြောလိုက်တာ. . . (မှန်ပါ့ဘုရား)၊ ဒကာကြွယ် ဘာတဲ့တုံး. . . (သမထ မပါ ပါဘုရား)၊ သမထမပါပဲနဲ့ ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ရပြီး ရဟန္တာဖြစ်ခဲ့တာပဲ. . . (မှန်ပါ့ဘုရား)။

## ဝိပဿနာသာ အားထုတ်ပါ မဂ်ဉာဏ်လိုက်လာလိမ့်မယ်

ကဲ- သဘောကျပလား. . . (ကျပါပြီ)၊ ရှေ့ပိုင်းက ဘာပါလိမ့်. . . (ဝိပဿနာဉာဏ်ပါ)၊ သူ့နောက်က. . . (မဂ်ဉာဏ်ပါဘုရား)၊ အဲ-ဝိပဿနာဉာဏ်သာ အားထုတ်ပါ၊ မဂ်ဉာဏ်က နောက်ကလိုက်လိမ့်မယ်ဆိုတာ ပေါ်လာတယ် (ပေါ်လာပါတယ်ဘုရား)။

အဲဒီလို ရဟန္တာတွေက ဖြေလိုက်တယ်၊ ဒို့ကွာ ဝိပဿနာဉာဏ် နောက်ပညာနဲ့ကိလေသာမှ လွတ်ခဲ့ပါတယ် (မှန်ပါ့ဘုရား)၊ ကိလေသာခန္ဓာကိုယ်ထဲမရှိအောင် ပညာနဲ့ လုပ်ခဲ့တာကွ၊ သမာဓိနဲ့ လုပ်ခဲ့တာမဟုတ်ပါဘူးလို့ ဖြေလိုက်တယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်- ဒကာ ဒကာမတွေလည်း ဒီလမ်းကို ဘုန်းကြီးက ဟောနေတယ်. . . (မှန်ပါ့)၊ ရှေ့က ဝိပဿနာလုပ်ပါ၊ နောက်က မဂ်လိုက်လာလိမ့်မယ်. . . (မှန်ပါ့)၊ ရှေ့က

ဝိပဿနာနဲ့ ကိုယ့်အသေ ကိုယ်မြင်လို့ရှိရင် နောက်ကိုယ့်အသေ ကိုယ်မမြင်တဲ့မဂ်ဉာဏ်လိုက်မယ် . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကိုယ့်အသေ ကိုယ်မြင်တာ ဝိပဿနာဉာဏ် . . . (မှန်ပါ့)၊ ကိုယ့်အသေတွေ ကိုယ်မရှိတော့ဘူးလို့သိတာ . . . (မဂ်ဉာဏ်ပါဘုရား)၊ အဲဒီနှစ်ဉာဏ် သွားရမှာဖြင့် နှစ်ဉာဏ်စလုံးပညာပဲ၊ ပညာနဲ့ကိလေသာမှ လွတ်ခဲ့တယ် . . . (မှန်ပါ့)၊ ရှေ့ဉာဏ်က တဒင်္ဂလွတ်ခဲ့တယ်၊ နောက်ကဉာဏ်က သမုစ္ဆေဒအားဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ လွတ်ခဲ့တယ် . . . (မှန်ပါ့)။

အဲဒီလိုတော့ သုသိမက ကိုယ်တော်တို့ဟောနေတာ နားမလည်ပါဘူး၊ ပညာနဲ့ကိလေသာမှ လွတ်တယ်ဆိုတာ တပည့်တော် နားမလည်ဘူးတဲ့၊ ကဲ- နားလည်ချင်လည်၊ မလည်ချင်နေ၊ ဒို့တော့ ပညာနဲ့ကိလေသာမှ လွတ်ခဲ့တယ်၊ ဒီနှစ်ဉာဏ်နဲ့ လွတ်ခဲ့တာပဲ ပြောတာပဲ . . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ အဲဒါ ရဟန္တာကိုယ်တော်ကြီးတွေက ဟောတာ . . . (မှန်ပါ့)၊ သို့သော် သုသိမက တိတ္ထိဘက်ကလာတော့ ဒကာသစ် ကျေကျေနပ်နပ် သဘောကျနိုင်ပါ့မလား . . (မကျပါဘုရား)၊ မကျဘူးတဲ့ စကားပြောလိုက်တော့ ဘယ်မှာ ကျေကျေနပ်နပ် သဘောကျနိုင်ပါ့မလဲ . . . (မှန်ပါ့ဘုရား)။

## သုသိမက ဘုရားထံလျှောက်တယ်

အဲဒီတွင်မှ ဘုရားဆီသွားမယ်ဆိုပြီး ဘုရားဆီ သွားလိုက်တယ်. . . (မှန်ပါ့)၊ ဘုရားဆီရောက်တော့ အရှင်ဘုရားဟိုရဟန္တာပုဂ္ဂိုလ်တွေက ကောင်းကင်လဲမပျံနိုင်ဘူး၊ မြေလဲမလျှိုးနိုင်ဘူး၊ သူတို့က ပဋိသန္ဓေနေခြင်းကုန်ပြီ၊ ကျင့်စရာကိစ္စမရှိတော့ဘူး ပြောနေတယ်ဘုရား၊ တပည့်တော်အား ရှင်းပေးတော်မူပါဘုရားတဲ့၊ သူ တရားခိုးမလို့ပုဂ္ဂိုလ်ကိုးဗျ. . . (မှန်ပါ့ဘုရား)။

ဘုရားက 'ပုဗ္ဗေခေါသုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာနိဗ္ဗာနေဉာဏံ' လို့ ဟောလိုက်တယ်. . . (မှန်ပါ့)၊ သုသိမ = သုသိမပရိဗိုဇ်၊ ပုဗ္ဗေ = ရှေ့ကာလ၌၊ ဓမ္မဋ္ဌိတိဉာဏံ = ဖြစ်ပျက်ကိုရှုတဲ့ ဓမ္မဋ္ဌိတိဉာဏ်သည်၊ ဟောတိ=ဖြစ်၏။ ဝိပဿနာအရင်လုပ်ကွတဲ့. . . (မှန်ပါ့)ဒါဘယ်သူဟောပါလိမ့် . . . (ဘုရားကဟောပါတယ် ဘုရား)။

ပစ္ဆာ=နောက်ကာလ၌၊ နိဗ္ဗာနေဉာဏံ=နိဗ္ဗာန်ကိုမြင်တဲ့ဉာဏ်သည်၊ ဟောတိ=ဖြစ်၏။ နောက်မဂ်ဉာဏ်လိုက်လာလိမ့်မယ်လို့ ဟောလိုက်တာ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ရှေ့ကဘာဉာဏ်တဲ့ . . . (ဝိပဿနာဉာဏ်ပါ) နောက်က . . . (မဂ်ဉာဏ်ပါ ဘုရား) ဘုရားက ဒီအတိုင်း

ဟောတာနှစ်ဉာဏ်ပေါ့ဗျာ . . . (မှန်ပါ့)ခုနင်က ရဟန္တာမ ထေရီမြတ်တွေကတော့ ဒို့ဉာဏ်နဲ့ ကိလေသာမှလွတ်ခဲ့တယ်လို့ တစ်လုံးထဲပြောလိုက်တယ် . . . (မှန်ပါ့)အဲဒီတော့ ရှေ့က ဝိပဿနာဉာဏ်သာအားထုတ်၊ နောက်မဂ်ဉာဏ်ပေါ်လာလိမ့်မယ်လို့ ဟောလိုက်တယ်နော် . . . (မှန်ပါ့ ဘုရား)။

## သုသိမကိုဖြစ်ပျက်ရှုခိုင်းတယ်

သုသိမက အရှင်ဘုရား တပည့်တော် နားမလည်ပါဘူး၊ အရှင်ဘုရားဟာက ကျဉ်းလွန်းပါတယ်ဆိုတော့ ရှေးဦးစွာ ဝိပဿနာအားထုတ်ရမယ်ကွ၊ ဝိပဿနာ အားထုတ်လို့ရှိရင် နောက်မဂ်ဉာဏ်ရမယ်၊ ဒါပဲကွဆိုတော့ သူက နားမလည်ဘူးပေါ့ဗျာ. . . (မှန်ပါ့)၊ နားမလည်တာနဲ့ ဘုရားသခင်ကိုယ်တော်ကြီး သူလည်း ဉာဏ်ရင့်လာပေါ့လေဆိုပြီး တစ်ခုသောတရားကို ဖြစ်ပျက်ရှုခိုင်းတယ်. . . (မှန်ပါ့)။

ဖြစ်ပျက်ရှုခိုင်းတော့ ဝေဒနာကလေးတစ်ခု စိတ်ကလေးတစ်ခု ဖြစ်ပျက်ရှုခိုင်းလို့ ဘုရားရှေ့တော်မှာပဲ ရှုတာပဲ၊ နောက် ရှုရင်းမတ္တနဲ့ ဖြစ်ပျက်တွေ မုန်းလာတယ်၊ ဖြစ်ပျက်တွေ မုန်းပြီးသကာလ ဖြစ်ပျက်တွေ ဆုံးသွားတယ်၊ သူ့အသေတွေ သူဆုံးသွားတယ်၊ လေးခါလောက်လည်းဆုံးရော ရဟန္တာလည်းဖြစ်ရောဆိုကြပါစို့. . . (မှန်ပါ့ဘုရား)။

## သုသိမ ရဟန္တာဖြစ်တယ်

ဒီတွင်မှ ရဟန္တာဖြစ်တာကို ဘုရားသိလို့ သုသိမ ကောင်းကင်ပျံနိုင်ရဲ့လားလို့ မေးတယ်၊ မပျံနိုင်ပါဘူးလို့ ဖြေတယ်။

ကဲ- ဒကာ ဒကာမတွေ သုသိမဝတ္ထု မဆုံးဘူး နာရီက စေ့သွားပြီ။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု. . .